**စက်မှုဝန်ကြီးဌာန**

**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ MSME လုပ်ငန်းရှင်များ တွေ့ဆုံပွဲ ကျင်းပဆောင်ရွက်မှု အခြေအနေ တင်ပြချက်အစီရင်ခံစာ

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ **မတ်**လ ရက်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ရည်ရွယ်ချက် | ၁ |
| ၃။ | အခမ်းအနားအစီအစဉ်နှင့်တက်ရောက်မှုအခြေအနေ | ၁-၂ |
| ၄။ | ဆွေးနွေးတင်ပြချက်များ | ၂-၃ |
| ၅။ | ရှင်းလင်းဆွေးနွေးချက်များ | ၃ |
| ၆။ | လမ်းညွှန်မှာကြားချက်များ | ၄-၈ |
| ၇။ | MSME ထုတ်ကုန်များအားခင်းကျင်းပြသမှုအခြေအနေ | ၈ |
| ၈။ | နိဂုံး | ၈ |
| ၉။ | နောက်ဆက်တွဲများ | |
| | - နိုင်ငံတော်ဝန်ကြီးချုပ်နှင့် MSME လုပ်ငန်းရှင်များ တွေ့ဆုံပွဲ၏ အခမ်းအနားအစီအစဉ် | နောက်ဆက်တွဲ (က) |
| | - အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များ | နောက်ဆက်တွဲ (ခ) |
| | - လုပ်ငန်းရှင်များ၏ ဆွေးနွေး မေးမြန်းချက်အပေါ် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများမှ ပြန်လည် ရှင်းလင်းဆွေးနွေးချက်များ | နောက်ဆက်တွဲ (ဂ) |
| | - တွေ့ဆုံဆွေးနွေးပွဲ၊ လှည့်လည်အားပေးကြည့်ရှုခြင်း နှင့် ပြခန်းများ ခင်းကျင်းပြသထားမှု မှတ်တမ်း ဓာတ်ပုံများ | နောက်ဆက်တွဲ(ဃ) |

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ MSME လုပ်ငန်းရှင်များတွေ့ဆုံပွဲ ကျင်းပဆောင်ရွက်မှုအခြေအနေတင်ပြချက်အစီရင်ခံစာ

## နိဒါန်း

၁။ **ရှမ်းပြည်နယ်**အတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် MSME လုပ်ငန်းရှင်များတွေ့ဆုံပွဲကျင်းပဆောင်ရွက်ခဲ့မှုအခြေအနေနှင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များ၊ MSME လုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် ရှင်းလင်းဆွေးနွေးချက်များ၊ ဒေသထွက် MSME ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသခဲ့မှု အခြေအနေအား အစီရင်ခံ တင်ပြခြင်းဖြစ်ပါသည်။

## ရည်ရွယ်ချက်

၂။ **ရှမ်းပြည်နယ်**အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME) ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လုပ်ငန်းရှင်များ၏ အခက်အခဲများ၊ လိုအပ်ချက်များကို နိုင်ငံတော်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်းဖြင့် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်လာနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာစေရန် ရည်ရွယ်ပါသည်။

## အခမ်းအနားအစီအစဉ်နှင့်တက်ရောက်မှုအခြေအနေ

၃။ ၂၀၂၃ခုနှစ်၊ မတ်လ(၇)ရက် နေ့လည်(၁၃:၃၀)နာရီအချိန်တွင် **ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊** မြို့တော်ခန်းမ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် နှင့် **ရှမ်းပြည်နယ်** အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်(MSME)များ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားနှင့် ဒေသထွက် MSME ထုတ်ကုန်ပြပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

၄။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲနှင့် ဒေသထုတ်ကုန်ပြပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ **ရှမ်းပြည်နယ်** ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှမိုး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန် ရှိသူများ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ

တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ အေးသာယာ(တောင်ကြီး) စက်မှုဇုန်ကော်မတီနှင့် MSME လုပ်ငန်းရှင်များ၊ စုစုပေါင်း(၃၈၅)ဦး တက်ရောက်ခဲ့ကြပြီး **ရှမ်းပြည်နယ်** အတွင်းရှိ ဒေသထွက်ကုန် ပစ္စည်းပြခန်း (၃၀)ခန်း အား ခင်းကျင်းပြသခဲ့ပါသည်။

၅။ အခမ်းအနားကို အစီအစဉ်(၇)ရပ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး ပထမဦးစွာ **ရှမ်းပြည်နယ်** ဝန်ကြီးချုပ်က ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများဆောင်ရွက် လျက်ရှိမှု၊ စက်မှုဇုန်နှင့် စက်မှုရပ်ကွက်များအတွင်းရှိ စက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ သီးနှံများ ထုတ်လုပ်လျက်ရှိမှု၊ စက်မှုဇုန်များအလိုက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ ကုန်ထုတ်လုပ်မှုသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိမှု၊ တန်ဖိုးမြှင့် စီးပွားရေးထုတ်ကုန်များ ထုတ်လုပ်လျက်ရှိမှု၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု(One Village One Product)များ ဆောင်ရွက်လျက်ရှိမှု၊ ထုတ်ကုန်ပြပွဲများကျင်းပပေးနိုင်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် ရင်းနှီးမတည်ငွေများ ထုတ်ချေး ပေးထားမှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွား မည့်လုပ်ငန်းစဉ်များ ချမှတ်ထားရှိမှုကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ဆက်လက်ပြီး **ရှမ်းပြည်နယ်** အတွင်းရှိ MSME လုပ်ငန်းရှင်များအနက် လုပ်ငန်းရှင်(၁၃)ဦးတို့မှ လုပ်ငန်းလိုအပ်ချက်များကို အသီးသီး တင်ပြခဲ့ ကြပြီးနောက် အဆိုပါဆွေးနွေးတင်ပြချက်များအပေါ် သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးခဲ့ပြီး MSME ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်ရမည့် အချက်များ လမ်းညွှန်မှာကြားခဲ့ပါသည်။ အခမ်းအနားအစီအစဉ် အား **နောက်ဆက်တွဲ (က)** ဖြင့် တင်ပြအပ်ပါသည်။

**ဆွေးနွေးတင်ပြချက်များ**

၆။ တွေ့ဆုံဆွေးနွေးပွဲတွင် တက်ရောက်လာကြသော လုပ်ငန်းရှင်များအနက်မှ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင် (၁၃)ဦးမှ ရှမ်းပြည်နယ်သည် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်မည့် အခြေအနေကို ပိုင်ဆိုင်ထားမှု၊ ဒေသထွက် မိရိုးဖလာ စားသောက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိမှု၊ ပြည်ပဈေးကွက် ဖြန့်ချိရေးနှင့် ကုန်ထုတ်လုပ်မှုများ ပိုမိုတိုးတက်အောင် ထုတ်လုပ်နိုင်ရန်အတွက် ဖြေရှင်းရမည့် ကိစ္စရပ်များ၊ ရှမ်းပြည်နယ်မှထွက်ရှိသည့် သစ်သီးဝလံနှင့် ပန်းမန်များကို ပြည်ပနိုင်ငံများသို့ ထုပ်ပိုး တင်ပို့ရောင်းချလျက်ရှိမှု၊ အဓိကထွက်ကုန်ဖြစ်သည့် ထောပတ်စိုက်ပျိုးမှုများကို တိုးချဲ့စိုက်ပျိုး

လျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများကို ယခုထက် ပိုမိုတိုးချဲ့ ထုတ်လုပ်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှု ချေးငွေများ လိုအပ်လျက်ရှိမှု၊ ထောပတ်သီးများကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရန်အတွက် နိုင်ငံတော် မှ G to G စနစ်ဖြင့် ဆောင်ရွက်ပေးစေလိုမှု၊ သစ်သီးများကို တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန်လိုအပ်မှု၊ မွေးမြူရေးလုပ်ငန်းများ အတွက် သုတေသနပြု ခါတ်ခွဲခန်းများ အဆင့်မြှင့်တင်ရာတွင် နိုင်ငံတော်မှကူညီပံ့ပိုးပေးစေလိုမှုနှင့် လုပ်ငန်းတိုးချဲ့ရေးအတွက် မြေနေရာရရှိနိုင်ရေး၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ထုတ်လုပ်မှုလမ်းများနှင့် လျှပ်စစ်မီးလိုအပ်ချက်ရှိမှု၊ နောင်တရားဒေသတွင်း စိုက်ပျိုးဖြစ်ထွန်း သည့် အာလူးစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက် ပေးစေလိုမှု၊ ပုဂ္ဂလိက ဆေးရုံများ၏ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးစေလိုမှု၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆန်စပါးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးလိုအပ်သည့် နည်းပညာများ၊ အရင်းအနှီးများ ကူညီပေးစေလိုမှု၊ အင်းလေးဒေသရှိ ဇီဝမြေသြဇာထုတ်လုပ်မှု လုပ်ငန်းအောင်မြင်မှုရှိစေရေးအတွက် လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ရန်နှင့် ဈေးကွက်ရရှိရေး နိုင်ငံတော်မှ လိုအပ်သည်များကို ကူညီပံ့ပိုးပေးစေလိုမှု ဆောင်ရွက်ပေးစေလိုမှု၊ သတ္တုတူးဖော်ခြင်း လုပ်ငန်းများအတွက် နိုင်ငံတော်မှ ချမှတ်ပေးထားသည့် မူဝါဒများနှင့်အညီ ဆောင်ရွက်ခွင့်ပြုပေးစေလိုမှု၊ အာလူးစိုက်ပျိုး တောင်သူများအတွက် နိုင်ငံခြားမှမျိုးစိတ်များ တင်သွင်းရာတွင် အခွန်ပေးဆောင်မှု လျှော့ချစေရန်အတွက် ဒေသတွင်းတွင်ပင် မျိုးစိတ်များ ဖြစ်ထွန်းရေးလုပ်ငန်းများ တွင်ကျယ်စွာဖြစ်ထွန်းလာစေရေးကူညီ ဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလိုအပ်သည်များကို တင်ပြဆွေးနွေးခဲ့ကြ ပါသည်။ ဆွေးနွေးတင်ပြချက်များကို **နောက်ဆက်တွဲ(ခ)** ဖြင့် တင်ပြအပ်ပါ သည်။

## ရှင်းလင်းဆွေးနွေးချက်များ

၇။ လုပ်ငန်းရှင်များ၏ ဆွေးနွေးမေးမြန်းချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဌာနဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဝန်ကြီး၊ စက်မှုဝန်ကြီး ဌာနဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့မှ ၎င်းတို့၏ ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး များက ပြန်လည်ဆွေးနွေးချက်များကို **နောက်ဆက်တွဲ(ဂ)** ဖြင့် တင်ပြအပ်ပါ သည်။

**လမ်းညွှန်မှာကြားချက်များ**

၈။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် လုပ်ငန်းရှင်များအသီးသီး၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများက အသီးသီးပြန်လည် ဆွေးနွေးပြီးဖြစ်ကြောင်း၊ စားသောက်ကုန်နှင့် ပတ်သက်၍ ပြည်ပမှဝင်ရောက်လာသည့် တရားဝင် စားသောက်ကုန်များ၊ ပြည်တွင်းမှ ထုတ်လုပ်သည့် စားသောက်ကုန်များ အမျိုးမျိုးရှိကြပြီး အစားအသောက် လုံခြုံရေး(Food Security)ကို အလေးထားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အစားအသောက်ထုတ်ကုန်များနှင့် ပတ်သက်၍ FDA စည်းကမ်း၊ ခွင့်ပြုချက်များ ရရှိရန် သတ်မှတ် အရည်အသွေးများပြည့်မီရန်လိုကြောင်း၊ မိမိထုတ်လုပ်သည့် စားသောက်ကုန်များ၏ အရည်အသွေး မပြည့်မီမှုများကြောင့် စားသုံးသူများဘေးအန္တရာယ် ဖြစ်ပွားမှု မရှိစေရေးလိုအပ်သည့် စစ်ဆေးမှုများကို စနစ်တကျဖြင့် ခံယူပြီးမှသာ ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးကြရမည် ဖြစ်ကြောင်း၊ ကုန်ပစ္စည်းများထုတ်လုပ်သည့်ရက်၊ ကုန်ဆုံးရက်များကိုလည်း စနစ်တကျ ရိုက်နှိပ်ပေးထားရန်လိုကြောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များကို တွေ့ဆုံ၍ မိမိတို့နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများကို မြှင့်တင်နိုင်ရန်အတွက် လိုအပ်သည်များကို ဆွေးနွေးပြောကြားနိုင်ရန်၊ စီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ယခုကဲ့သို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

၉။ ယခင်အစိုးရလက်ထက်များတွင် နိုင်ငံခြားကုန်သွယ်မှုလိုငွေများဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့ တာဝန်ယူဆောင်ရွက်ချိန်တွင် ပြန်လည်စိစစ်ဆောင်ရွက်ခဲ့ရာ ပြည်တွင်းထုတ်ကုန်များ အားပေးမှုမရှိခြင်းနှင့် ပြည်ပသွင်းကုန်များကိုပိုမို ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံခြားချေးငွေများကို အဆက်မပြတ်ရယူခဲ့ပြီး ယခုအချိန်တွင် နိုင်ငံခြားချေးငွေများ ပြန်လည်ပေးဆပ်ရန် ကျန်ရှိသေးကြောင်း၊ မိမိတို့တာဝန်ယူချိန်တွင် တတ်နိုင်သမျှ ပြန်လည်ပေးဆပ်နေပါကြောင်း၊ နိုင်ငံခြားငွေရရှိရန်အတွက် ပြည်တွင်းထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် မြေပေါ်မြေအောက် သယံဇာတပစ္စည်းများ နှင့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်ပစ္စည်းများရှိကြောင်း၊ သစ်တောကဲ့သို့သော မြေပေါ် သယံဇာတပစ္စည်းများကို ထုတ်ယူသုံးစွဲပြီးပြန်လည်ဖြည့်တင်းစိုက်ပျိုးခြင်းမရှိခြင်းကြောင့် သစ်တောများ ပြုန်းတီးလာမှုများရှိကြောင်း၊ မြေအောက်သယံဇာတများ ထုတ်ယူသုံးစွဲခြင်းကိုလည်း ကုန်ကြမ်းအဖြစ် ထုတ်လုပ်ခြင်းမဟုတ်ဘဲ ကုန်ချောအဖြစ် ထုတ်လုပ်ခြင်းများကိုသာ ခွင့်ပြုပေးလျက်ရှိကြောင်း၊ မြေပေါ်မြေအောက် သယံဇာတများကို ထုတ်ယူသုံးစွဲခြင်းထက် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေ (၇၀) ရာခိုင်နှုန်းသည် ကျေးလက်တွင် နေထိုင်ကြပြီး လူဦးရေ (၃၀) ရာခိုင်နှုန်းသည် မြို့ပြတွင်နေထိုင်ကြကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကိုသာ အဓိကထား လုပ်ကိုင်ကြကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်

ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ကြရန် အားပေးခဲ့ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းသည် ခိုင်မာပြီးသေချာမှုရှိသည့် လုပ်ငန်း တစ်ခုပင်ဖြစ်ကြောင်း၊ ဒေသတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ကုန်ကြမ်းပစ္စည်းများကို အခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက ပိုမိုအကျိုး ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသမှမဟုတ်ဘဲ အခြားဒေသမှ ထွက်ရှိသည့် ကုန်ကြမ်းပစ္စည်း များ၊ ပြည်ပမှဝယ်ယူရသည့် ကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို ဆောင်ရွက်ခြင်းသည် ကုန်ထုတ်လုပ်မှုတွင် အကန့်အသတ်ရှိပြီး၊ အခက်အခဲများ ဖြစ်ပေါ်နိုင်ကြောင်း။

၁၀။ ဒေသမှထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်ရန် လိုကြောင်း၊ မိမိတို့နိုင်ငံတွင် နို့နှင့်နို့ထွက်ပစ္စည်းများကို ပြည်ပမှနှစ်စဉ်တင်သွင်း နေရပြီး နို့စားနွား မွေးမြူရေးလုပ်ငန်းများကို ပြည်တွင်း၌ စနစ်တကျဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ပါက ပြည်ပမှတင်သွင်းနေရမှုများ များစွာလျော့ကျသွားမှာ ဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်သည် နွားမွေးမြူရေး၊ ဝက်နှင့် ကြက်မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် အခြေခံကောင်းများရှိသည့် ဒေသဖြစ်ကြောင်း၊ နို့စားနွားမွေးမြူရေးလုပ်ငန်းများကို ရှမ်းပြည်နယ် အတွင်း အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်မည်ဆိုပါက နို့ထွက်ပစ္စည်းအများဆုံး ထုတ်လုပ်နိုင် သည့် ပြည်နယ်တစ်ခုဖြစ်လာမည်ဖြစ်ပြီး နိုင်ငံအတွက်များစွာ အထောက်အကူပြုစေမည် ဖြစ်ကြောင်း၊ ကြက်မွေးမြူရေးနှင့် ပတ်သက်၍ ဥစားကြက်များ ပေါ်များစွာမွေးမြူလျက်ရှိသည်ကို တွေ့ရှိရပြီး၊ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကိုတွေ့ရပါကြောင်း၊ ၂၀၂၁-၂၀၂၂ ခုနှစ်အတွင်းကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်မှုကြောင့် စားရေးအခက်အခဲများ ဖြစ်ပေါ် ခဲ့ချိန်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အေးသာယာမွေးမြူရေးဇုန်မှ တစ်နိုင်ငံလုံးသို့ ကြက်ဥများ ဖြန့်ဖြူးပေးခဲ့သည့်အတွက် ပြည်သူလူထု ၏စားရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်ပေါ်စေခဲ့သည့်အတွက် ကျေးဇူးတင်ရှိ ကြောင်းကို ပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံနှင့် နိုင်ငံတကာတွင် အသားလိုအပ်ချက်များစွာ ရှိကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် တိရစ္ဆာန်အစာများကို အသုံးပြု၍ ပြည်တွင်းအသား ထုတ်လုပ်မှုများကို တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းစားသုံးမှုကို ဖူလုံစေရုံ သာမက ပြည်ပသို့လည်း တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ အသားထုတ်လုပ်မှုများမှ တစ်ဆင့် စက်မှု ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဖြစ်ပြီး၊ မွေးမြူရေးကို စနစ်တကျ ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း၊ အလားတူ ဝက်မွေးမြူရေးကိုလည်း စနစ်တကျဆောင်ရွက်၍ အသားထုတ်လုပ်မှု တိုးတက်အောင်ဆောင်ရွက်နိုင်ကြောင်း။

၁၁။ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ထွက်ရှိသည့် သစ်သီးဝလံများနှင့် အသားများကို ကျယ်ကျယ် ပြန့်ပြန့် တင်ပို့ရောင်းချနိုင်ရန်အတွက် ဟဲဟိုးလေယာဉ်ကွင်းကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက် နိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်း

စေမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူ ဆောင်ရွက်နေချိန်တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို တိုးတက်အောင် အားပေးဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုအခါတွင် ကုန်သွယ်မှုလိုငွေများကို ထိုက်သင့်သလောက် တိုးတက်လာပြီဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများမှ နိုင်ငံခြားငွေများ ရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စပါးစိုက်ပျိုးမှုတွင်လည်း တစ်ဧကချင်း အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြရန်လိုသကဲ့သို့ စီးပွားရေးမြှင့်တင်မှုများ ဆောင်ရွက်ရန် အတွက် ရှမ်းပြည်နယ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အတွက် လိုအပ်သည့် မြေဩဇာများ ရရှိရေးအတွက်လည်း ဒေသတွင်းမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိထားသည့် ဇီဝမြေဩဇာများကို အကျိုးရှိရှိ အသုံးချမည်ဆိုပါက တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျွဲနှင့်နွားများကို စနစ်တကျ လှောင်မွေးခြင်း ဖြင့် အသားထုတ်လုပ်မှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်းစနစ်များ ကောင်းမွန်ရန် လိုအပ်ကြောင်း၊ ရှမ်းပြည်နယ်အတွင်းမှ ထွက်ရှိသည့် လက်ဖက်၊ ကော်ဖီများသည် နိုင်ငံတကာ ဈေးကွက်ဝင်ပစ္စည်းများဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် အဆိုပါ လက်ဖက်နှင့်ကော်ဖီများ ကိုပိုမိုတိုးချဲ့စိုက်ပျိုးပြီး ကုန်ထုတ်လုပ်မှုများကို စနစ်တကျဆောင်ရွက်မည်ဆိုပါက ပြည်ပနိုင်ငံများ သို့တင်ပို့ရောင်းချနိုင်သဖြင့် ဒေသအတွက်သာမက နိုင်ငံတော်အတွက်ပါ များစွာအကျိုးဖြစ်ထွန်းစေ မည်ဖြစ်ကြောင်း၊ စပါးစိုက်ပျိုးရေးနှင့် ပတ်သက်၍ Eating Quality ကောင်းမွန်သည့် စပါးမျိုးများ စိုက်ပျိုးကြရန်လိုကြောင်း၊ မျိုးကောင်းရန်၊ မြေကောင်းရန်၊ ရေလုံလောက်စွာရရှိရန်၊ နည်းစနစ်တကျ စိုက်ပျိုးရန်စသည့် အချက်များလိုအပ်ကြောင်း၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ အရည်အသွေးကောင်းမွန်စွာဖြင့် လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံခြားငွေ သုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အတွင်း စပါးကြိတ်ခွဲမှုများမှ စပါးခွံများ များစွာထွက်ရှိလျက်ရှိကြောင်း၊ ထွက်ရှိလာသည့်စပါးခွံများကို အသုံးပြု၍ စပါးခွံလောင်စာသုံး လျှပ်စစ်ဓါတ်အား ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်ကြောင်း၊ အလားတူ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓါတ်အား ထုတ်လုပ်မှုများကိုလည်း ဆောင်ရွက်နိုင်ကြောင်း၊ လျှပ်စစ်ဓါတ်အား ထုတ်လုပ်ခြင်းကို မိမိတို့ဒေသအလိုက်တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်မည်ဆိုပါက ကုန်ထုတ်လုပ်မှု လုပ်ငန်းများအတွက် လိုအပ်သည့် လျှပ်စစ်ဓါတ်အားလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ အထောက် အကူပြုနိုင်မည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းမှာ တိုင်းပြည်၏ စီးပွားရေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရန်နှင့် ပြည်ပသို့ ပြည်တွင်းထုတ်ကုန်များ တင်ပို့နိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် သွင်းအားစုများ လိုအပ်ကြောင်း၊ သွင်းအားစုများ ရရှိရေးအတွက်လည်း ကြိုးပမ်းအားထုတ်ကြရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုနှင့် ပတ်သက်၍

သမဝါယမစနစ်ကို ကျင့်သုံးခဲ့ပြီး အချို့ဖွံ့ဖြိုးပြီး နိုင်ငံများတွင်လည်း သမဝါယမစနစ်ကို ကျင့်သုံးလျက်ရှိကြောင်း၊ သမဝါယမစနစ်ကို ကျင့်သုံးခြင်းဖြင့် လုပ်ငန်းများ ဆောင်ရွက်မှုကို ပိုမိုတိုးတက်စေမည်ဖြစ်ပြီး စုပေါင်း သမဝါယမစနစ်ကို ကျင့်သုံး၍ ဆောင်ရွက်ကြ ရန်လိုကြောင်း၊ အရင်းအနှီးနှင့်ပတ်သက်၍ နိုင်ငံတော်မှ လိုအပ်သည့် ရင်းနှီးမတည်ငွေများကို ထုတ်ချေးပေး လျက်ရှိပြီး ချေးငွေတွင် Developing ချေးငွေနှင့် Commercial ချေးငွေဟူ၍ ရှိကြောင်းနှင့် ချေးငွေအမျိုးအစားအလိုက် အတိုးနှုန်းများ ကွာခြားသွားမည်ဖြစ်ကြောင်း၊ ရင်းနှီးမတည်ငွေများနှင့် ပတ်သက်၍ နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ ထုတ်ချေးပေးလျက်ရှိပြီး ချေးငွေများရယူရာ တွင်လည်း မိမိတို့တတ်နိုင်သလောက်သာ ချေးယူရန်နှင့် သတ်မှတ်စည်းကမ်းများနှင့် ကိုက်ညီရန် လိုကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အဆင့်မီစွာ ဆောင်ရွက်နိုင်ရန် လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ နိုင်ငံတော်အတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝစေရေး ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ အတန်းပညာများရှိမှသာ မိမိတို့ဘဝရပ်တည်ရေးကို အထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း။

၁၂။ မိမိတို့နိုင်ငံ၏ ပညာရေးသည် နိမ့်ကျလျက်ရှိနေသေးသည်ကို တွေ့ရှိရပြီး ရှမ်းပြည်နယ် အတွင်း၌လည်း ပညာရေးတန်းစဉ် ကူးပြောင်းမှုနှုန်း နည်းပါးနေသေးသည့်အတွက် ပညာရည် မြင့်မားရေးကို ဝိုင်းဝန်းအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေး အတွက် လိုအပ်သည်များ ဆောင်ရွက်ပေးရန်မှာ အစိုးရ၏ တာဝန်ဖြစ်ပြီး လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သည် တစ်ဦးချင်း၏ ကြိုးစားအားထုတ်မှုဖြင့်သာ သက်ဆိုင်သည်ဖြစ်သဖြင့် အခြေခံလိုအပ်ချက်ဖြစ်သည့် ပညာရေးကို အားပေးဆောင်ရွက်ကြစေ လိုကြောင်း၊ ပညာရေးကို အားပေးမှသာလျှင် ဒေသနှင့် နိုင်ငံ၏ လူသားအရင်းအမြစ်များသည်လည်း ပေါ်ကြွယ်ဝလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်ဦးချင်းမှစ၍ ပညာရေးကို အလေးထားအားပေး ဆောင်ရွက်ကြစေလိုကြောင်း၊ သင်ကြားတတ်မြောက်ထားသည့် ပညာရပ်များကို လူမှန်နေရာမှန် ဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ရှမ်းပြည်နယ်အတွင်း လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ပုဂ္ဂလိကပညာသင်ကြားရေးတွင်လည်း ပညာသင်ကြားမှုများ နစ်နာမှု မရှိစေရေး စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း၊ အချို့သော ကိုယ်ပိုင်ကျောင်းများ အနေဖြင့် ငွေကြေးကောက်ခံမှုများ များပြားလျက်ရှိသည်ကို စိစစ်တွေ့ရှိရပြီး ပညာရည် သင်ကြား ရေးအတွက် မှန်မှန်ကန်ကန် ဖြစ်စေလိုကြောင်း၊ ရှမ်းပြည်နယ်သည် ခရီးသွားလုပ်ငန်းနှင့် ဝန်ဆောင် မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အခြေခံကောင်းများကို ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း၊ ခရီးသွား လုပ်ငန်းနှင့် ပတ်သက်၍ တောင်ကြီးမြို့တွင် မီးပုံးပျံပွဲကို အစဉ်အလာဖြင့် နှစ်စဉ်ကျင်းပလျက်ရှိပြီး ပြည်တွင်းပြည်ပမှ စိတ်ဝင်စားသည့် ပွဲတော်တစ်ခုဖြစ်ကြောင်း၊ အလားတူ အင်းလေးဒေသသည်လည်း ပြည်တွင်းပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် နေရာဒေသ တစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့်

ခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်ရန်အတွက် ဒေသထွက်အစားအစာ များကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးကိုလည်း ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ဒေသအဖြစ် ဆောင်ရွက်ရန် ရည်မှန်းထားကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အတွက် ကျန်းမာရေး စောင့်ရှောက်မှုနှင့် ပတ်သက်၍ ဆောင်ရွက်နိုင်ပြီး မိမိတို့အနေဖြင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ဒေသထုတ်ကုန်ပစ္စည်းများ ထုပ်ပိုးမှုစနစ် ကောင်းမွန်မှသာ ဝယ်ယူသူကို ပိုမိုဆွဲဆောင်မှု ရှိနိုင်မည် ဖြစ်ကြောင်း၊ Quality ကောင်းအောင် ဆောင်ရွက်ရာတွင် အမြင်၊ အနံ့နှင့် ထုပ်ပိုးမှုများ ကောင်းမွန်အောင် ဆောင်ရွက်ရန်အကြံပြုလိုကြောင်း၊ သို့မှသာ ထုတ်ကုန်ပစ္စည်းများကို ပိုမိုရောင်းချနိုင်မည် ဖြစ်ကြောင်း ဆွေးနွေးတိုက်တွန်း ပြောကြားပါသည်။

## MSME ထုတ်ကုန်များအားခင်းကျင်းပြသမှုအခြေအနေ

၁၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားအစီအစဉ် နေ့လယ်(၁၇:၃၀) နာရီအချိန်တွင် ပြီးမြောက်ခဲ့ပြီး MSME လုပ်ငန်းရှင်များ၏ ဒေသထုတ်ကုန်များ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှု အားပေးခဲ့ပါသည်။ **ရှမ်းပြည်နယ်** အတွင်းရှိ MSME လုပ်ငန်းရှင်များ၏ ဒေသထုတ် စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းသုံးပစ္စည်းများ စုစုပေါင်း(၃၁၅)မျိုးကို ခင်းကျင်းပြသထားသော ပြခန်း(၃၀)ခန်းအား လှည့်လည်ကြည့်ရှု အားပေး၍ နေ့လယ် (၁၈:၃၀) နာရီ အချိန်တွင် အစီအစဉ်အားလုံးပြီးဆုံးခဲ့ပါသည်။ ဆွေးနွေးပွဲအခမ်းအနား၊ လှည့်လည်အားပေးကြည့်ရှုခြင်းနှင့် ဒေသထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှု မှတ်တမ်းဓာတ်ပုံများအား **နောက်ဆက်တွဲ (ဃ)** ဖြင့် တင်ပြအပ်ပါသည်။

## နိဂုံး

၁၄။ **ရှမ်းပြည်နယ်**အတွင်းရှိ MSME လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် ၎င်းတို့လိုအပ်နေသည့် သတ္တုတူးဖော်လုပ်ကိုင်ခွင့်များ၊ ဈေးကွက်ရရှိရေး၊ အတိုးနှုန်း သက်သာသော ချေးငွေရရှိစေရေး၊ နည်းပညာရရှိရေး ၊ လျှပ်စစ်ဓာတ်အား၊ ပြည်ပမှ ကုန်ကြမ်း တင်သွင်းမှုများအား အခွန်လျှော့ပေါ့စေရေး၊ ဆန်စပါးနှင့် စိုက်ပျိုးသီးနှံများ မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် အောင်မြင်စွာ စိုက်ပျိုးနိုင်ပြီး ထုတ်ကုန်အရည်အသွေး အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်နိုင်ရန်နှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

နောက်ဆက်တွဲ(က)

**တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနား အစီအစဉ်**

အစီအစဉ်(၁) အခမ်းအနားစတင်ဖွင့်လှစ်ကြောင်းကြေညာခြင်း။

အစီအစဉ်(၂) ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်ဇော်အေးမှ ရှမ်းပြည်နယ်အတွင်းဆောင်ရွက်လျက်ရှိသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း။

အစီအစဉ်(၃) ရှမ်းပြည်နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များက တင်ပြခြင်း-

(က) လွယ်မွေကုမ္ပဏီလီမိတက်မှ ဥက္ကဋ္ဌ ဦးအောင်ဝင်းက လုပ်ငန်း (၄)ခုနှင့် ပတ်သက်၍ တင်ပြဆွေးနွေးခြင်း။

(ခ) “ မိုးကောင်းကင် ” ကယားဝက်အူချောင်းလုပ်ငန်းမှ ဒေါ်ခိုင်စိုးသူက မြေအငှားနေရာနှင့် နည်းပညာရယူလိုမှုနှင့် ပတ်သက်၍ တင်ပြဆွေးနွေးခြင်း

(ဂ) ရှမ်း(တောင်) သစ်သီးဝလံ၊ ပန်းမန်၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ၊ ဥက္ကဋ္ဌ ဦးခင်အောင်က စိုက်ပျိုးထုတ်လုပ်မှု နှင့် ပတ်သက်၍ တင်ပြဆွေးနွေးခြင်း။

(ဃ) ရှမ်းပြည်နယ် မွေးမြူရေးအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ဒေါက်တာစိုင်းလုံက မွေးမြူရေးဇုန်မြေနေရာ၊ ခါတ်ခွဲခန်း ဖွင့်လှစ်နိုင်ရေးတို့နှင့် ပတ်သက်၍ တင်ပြဆွေးနွေးခြင်း။

(င) “ SHAN ORCHARD Myanmar Co.,Ltd ”**မှ မန်နေဂျာ ဦးမျိုးသက်လွင်က** လျှပ်စစ်မီးရရှိရေး၊ ကုန်ထုတ်လမ်းအဆင့်မြှင့်တင် ရေး ကိစ္စများနှင့် ပတ်သက်၍ တင်ပြဆွေးနွေးခြင်း။

(စ) ရှမ်းပြည်နယ်(တောင်ပိုင်း) ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ ဦးရဲထွန်းက စပါးမျိုးစိတ်များ၊ တင်ပို့နေမှုများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြခြင်း။

(ဆ) “ ခိုင်မေတ္တာ ” ဆေးရုံမှ ဒေါက်တာကေသီအောင်က ကျန်းမာရေး ဝန်ဆောင်မှုများ ကူညီထောက်ပံ့ပေးနိုင်ရေးနှင့် ပတ်သက်၍ တင်ပြ ဆွေးနွေးခြင်း။

(ဇ) “ Myanmar Belle Shin Shin Food Co.,Ltd ” မှ မန်နေဂျာ ဦးမြင့်အောင်က အရံစိုက်ခင်းမြေနေရာ၊ သွင်းကုန်လိုင်စင်များနှင့် ပတ်သက်၍ တင်ပြ ဆွေးနွေးခြင်း။

(ဈ) “ရှမ်းရိုးမ”ဘိလပ်မြေစက်ရုံမှ မန်နေးဂျင်းဒါရိုက်တာဦးမောင်မောင်မြင့်က သတ္တုတူးဖော်ခွင့်နှင့် ပတ်သက်၍ တင်ပြ ဆွေးနွေးခြင်း။

(ည) “နောင်တရားအာလူး” ကုမ္ပဏီလီမိတက်မှ ဦးခွန်ဆန်းဦးက အာလူး မျိုးစိတ်ခွဲခြင်းနှင့် ပတ်သက်၍ တင်ပြဆွေးနွေးခြင်း။

(ဋ) “အင်းလေးဇေဒါ” သဘာဝမြေဆွေးလုပ်ငန်းမှ ဒေါ်အေးအေးလွင်က မြေဆွေးဈေးကွက်ရရှိရေးနှင့်ပတ်သက်၍တင်ပြဆွေးနွေးခြင်း။

အစီအစဉ်(၄) အထွေထွေဆွေးနွေးတင်ပြခြင်း။

အစီအစဉ်(၅) တင်ပြဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများနှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်မှ ပြန်လည် ဆွေးနွေးတင်ပြခြင်း။

အစီအစဉ်(၆) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဆွေးနွေးအမှာစကားပြောကြားခြင်း။

အစီအစဉ်(၇) အခမ်းအနားပြီးမြောက်ကြောင်း ကြေညာခြင်း။

## အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များ

**ဦးအောင်ဝင်း ၊ လွယ်မွေ ကုမ္ပဏီလီမိတက်၊ ဒါရိုက်တာ**

၁။ ကျွန်တော်သည် **လွယ်မွေ ကုမ္ပဏီလီမိတက်** မှ လုပ်ငန်းပေါင်း (၅)ခု လုပ်ကိုင်နေသည့် လုပ်ငန်းရှင်တစ်ဦး ဖြစ်ပါတယ်။ **လွယ်မွေကုမ္ပဏီလီမိတက်အနေဖြင့် အဆင့်မြင့်ဆန်စက်၊ အုတ်စက်၊ ကျောက်ထုတ်လုပ်ရေးနှင့် ကွန်ကရစ်တိုင်စက်ရုံ၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေး လုပ်ငန်းများအား လုပ်ကိုင်လျှက်ရှိပါတယ်။ အဆိုပါလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်ချက်အခက်အခဲများအား တင်ပြအပ်ပါသည်။ ရှမ်းပြည်နယ်**(**အရှေ့ပိုင်း**)**၊ ကျိုင်းတုံမြို့တွင် ဆန်စက်အကြီးစားစက်ရုံ တည်ဆောက် လုပ်ကိုင်လျှက်ရှိရာ ယခုအခါ** (၉၅%) **ပြီးစီးနေပြီဖြစ်ပါတယ်၊ ဒေသတွင်းစားသုံးမှုမှ ပိုလျှံသောဆန်များကို အခြား အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေး ပြည်နယ်အစိုးရအဖွဲ့မှ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။**

၂။ **ကျိုင်းတုံမြို့တွင် အကြီးစားအုတ်စက်ရုံဖြင့် အုတ်များကို ထုတ်လုပ်လျက်ရှိပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ထပ်မံတိုးချဲ့၍ အုတ်စက်ရုံ တည်ဆောက်သွားနိုင် ရန်ရည်ရွယ်ထားပြီး ကျောက်ထုတ်လုပ်ရေးလုပ်ငန်းနှင့် ကွန်ကရစ်တိုင်စက်ရုံတို့မှ ဒေသတွင် လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းများအတွက် ဖြန့်ဖြူးရောင်းချပေးလျှက်ရှိပါတယ်။ နောက်ထပ်လုပ်ငန်း တစ်ခုအနေဖြင့် ကျိုင်းတုံမြို့တွင်** (၈.၈.၂၀၁၉) **ခုနှစ်မှစ၍ မဟာဓာတ်အားလိုင်း ရရှိပြီးဖြစ်ပါသဖြင့် စက်မှုလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာနိုင်ပြီ ဖြစ်ပါ၍ ကျိုင်းတုံမြို့တွင် သံအရည်ကျိုစက်ရုံ တည်ဆောက် လုပ်ကိုင်နိုင်ရေး စီစဥ်ဆောင်ရွက်လျှက်ရှိရာ သံအရည်ကျိုစက်ရုံအတွက် လျှပ်စစ် ဓာတ်အားထရန်စဖော်မာ**(10MW) **လိုအပ်မည် ဖြစ်ပါတယ်။ ဆက်လက်၍ ကျွန်တော်တို့၏ လွယ်မွေ ကုမ္ပဏီမှ ရေအားလျှပ်စစ်စက်ရုံ** (၄)**ရုံ ဖြင့်၂၀၁၄ ခုနှစ်မှ စ၍ လျှပ်စစ်ဓာတ်အား ကီလိုဝပ်** (၇၈၇၀) **ထုတ်လုပ်ပြီး ကျိုင်းတုံမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအား လုပ်ကိုင်ဆောင်ရွက် ခဲ့ပြီး ယခုအခါ မဟာဓာတ်အားလိုင်းရရှိနေပြီဖြစ်ပါသဖြင့် နိုင်ငံတော်ဓာတ်အားဖြန့်ဖြူးရေးသို့ တစ်ယူနစ်လျှင်** (၅၀) **ကျပ်နှုန်းဖြင့် ထုတ်လုပ်ရောင်းချပေးလျှက်ရှိပါသည်။ ကျွန်တော်တို့၏ လွယ်မွေ ကုမ္ပဏီမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို လုပ်ကိုင်ခဲ့သည့် လုပ်ငန်း အတွေ့အကြုံများဖြင့် ကျိုင်းတုံမြို့၏ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်းလုပ်ငန်းအား ပြန်လည် လုပ်ကိုင်ဆောင်ရွက်လိုပါသဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ပါရန်နှင့် ကျွန်တော်တို့၏ လွယ်မွေကုမ္ပဏီအပါအဝင် ရှမ်းပြည်နယ်**(**အရှေ့ပိုင်း**)**မှ** MSME **လုပ်ငန်းရှင်များ လုပ်ငန်းလည်ပတ်မှု**

**အဆင်ပြေချောမွေ့စေရေးနှင့် လုပ်ငန်းများ တိုးချဲ့ပြီး စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာ စေနိုင်ရေးအတွက် နိုင်ငံတော်မှ အရင်းအနှီးများ ချေးယူရရှိနိုင်ရေး ကူညီဆောင်ရွက်ပေးစေလိုကြောင်း တင်ပြအပ်ပါတယ်။**

**ဒေါ်ခိုင်စိုးသူ၊ " မိုးကောင်းကင်" ကယားဝက်အူချောင်းနှင့် စားသောက်ကုန်ထုတ်လုပ်ငန်း**

၃။ ကျွန်မဒေါ်ခိုင်စိုးသူဖြစ်ပါတယ်ရှင့်၊ "မိုးကောင်းကင်" ကယားဝက်အူ ချောင်းကိုအရသာအမျိုးမျိုးဖြင့် အသေးစား မှတ်ပုံတင်အမှတ် အစ - ၁၃(၂၁၂၄၈)ဖြင့် ထုတ်လုပ်နေသော လုပ်ငန်းရှင်တစ်ဦး ဖြစ်ပါတယ်၊ ၂၀၁၆ ခုနှစ်မှ စတင်လုပ်ကိုင်ခဲ့ပြီး၊ ကယားဒေသ အစားအစာဖြစ်သော ကယားဝက်အူချောင်းကို အရက်၊ ယမ်းစိမ်း၊ တာရှည်ခံဆေး မပါဝင်ဘဲ ကျန်းမာရေးနှင့် ညီညွတ်စွာ ပြည်ပမှဝင်ရောက်သည့် Sausage အစားထိုး ရောင်းချနိုင်ရန် ရည်ရွယ်ချက်ဖြင့် ထုတ်လုပ်ရောင်းချခဲ့ပြီး ယခုအချိန်တွင် ပြည်တွင်း၌သာ ဖြန့်ဖြူးလျှက်ရှိသော်လည်း ပြည်ပသို့ရောင်းချရန် စိတ်ကူးအိမ်မက်ရှိနေပါတယ်။ လုပ်ငန်းတိုးတက်လာသည်နှင့်အမျှ လုပ်ငန်းအတွက် လိုအပ်ချက် အခက်အခဲများကို လေးစားစွာ တင်ပြအပ်ပါတယ်။

၄။ အသေးစားလုပ်ငန်းအနေဖြင့် ပြည်တွင်းရှိ Super Market ဆိုင်ကြီးများတွင် တင်သွင်းရောင်းချခွင့်ရရန် FDA အဆင့်ထိ လျှောက်ထားလိုပါတယ်ရှင့်။ FDA လက်မှတ်ရယူရန်အတွက် လိုအပ်ချက်မှာ နေအိမ်နှင့် စက်ရုံအဆောက်အဦ သီးခြားခွဲခြား တည်ရှိရမည် ဖြစ်ပါတယ်။ ကျွန်မလုပ်ငန်းအနေဖြင့် ပြောင်းလဲနေသော စားသုံးသူ လိုအပ်ချက် အခြေအနေအရပြည်တွင်း ထုတ်ကုန်များကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်နိုင်ရန်အတွက် အိမ်တွင်းထုတ်ကုန်လုပ်ငန်းမှတစ်ဆင့် စက်ရုံငယ် တည်ဆောက်ပြီး လုပ်ငန်းပိုမိုလည်ပတ်ရန်အတွက် လုပ်ဆောင်ရန် စိတ်ကူးရှိပါသည်။ သို့သော်လည်း ပြောင်းလဲနေသော ဈေးနှုန်းကြောင့် မိမိတွင်ရှိသော စုဆောင်းထားသည့် ငွေကြေးပမာဏမှာ စက်ရုံဆောက်လုပ်ရန်မျှသာရှိပြီး စက်ရုံပိုင်ဆိုင်ရန်မြေနေရာအတွက် စိုက်ထုတ်နိုင်သောငွေအင်အား လိုအပ်လျှက်ရှိပါတယ်။ ဘဏ်ချေးငွေ လျှောက်ထားရန်မှာလည်း လက်ရှိနေထိုင်နေသည်မှာ တိုက်ခန်းဖြစ်နေသောကြောင့် ချေးငွေရရှိရန် အခက်အခဲဖြစ်နေပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်အနေနဲ့ အခုလိုအခက်အခဲရှိနေသော လုပ်ငန်းငယ်များကို ဖြစ်နိုင်လျှင် **မြေနေရာအငှားစနစ်ကို နှစ်ရှည်အစီအစဉ်ဖြင့် သင့်လျော်သောနှုန်းထားဖြင့် ချထားပေးစေလို**ပါတယ်။ ထပ်မံ၍လဲ ပြည်တွင်းဒေသစာကို ပြည်ပနိုင်ငံများအထိ ရောင်းချနိုင်ရန် **နည်းပညာလိုအပ်ချက်များ**လည်းရှိပါတယ်။ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များကို သင်တန်းတက်ရောက်နိုင်ရန် စီစဉ်ဆက်သွယ်ပေးခြင်း၊ အစားအသောက် ထုတ်လုပ်ခြင်းဆိုင်ရာ ကျွမ်းကျင်သူများကို Mentor အဖြစ် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ခဲ့မယ်ဆိုရင် လုပ်ငန်းဆက်လက် လည်ပတ်နိုင်ရန်နှင့် ပိုမိုဖွံ့ဖြိုး တိုးတက်စေရန် ကူညီပံ့ပိုးပေးစေလိုကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ရှင့်။

**ဦးခင်အောင်၊ ရှမ်း(တောင်) သစ်သီးဝလံ၊ပန်းမန်၊ ဟင်းသီးဟင်းရွက်စိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း ၊ ဥက္ကဋ္ဌ**

၅။ ကျွန်တော်ကတော့ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်၊ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MFVP) ၏ ဒုတိယဥက္ကဋ္ဌ၊ ရှမ်း(တောင်ပိုင်း) (SSSMFVP)အသင်း၏ ဥက္ကဋ္ဌ ဖြစ်သူဦးခင်အောင် ဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်(တောင်ပိုင်း)(SSSMFVP) အသင်းရဲ့အောက်မှာ ရှမ်းပြည်နယ်ဒေသထွက်သီးနှံ(၄)မျိုး(သရက်၊ ထောပတ်၊ကော်ဖီ၊ မက္ကဒေးမီးယား)၊ ပန်းမန်(၁)မျိုး၊ ဟင်းသီးဟင်းရွက်(၇) မျိုး (ဂျင်း၊ ကြက်သွန်ဖြူ၊အာလူး၊ ကော်ဖီ၊ လက်ဖက်၊ ခရမ်းချဉ်သီး) စသည့် ညီနောင်အသင်း(၁၂)သင်းဖြင့် စုဖွဲ့ပြီးတောင်သူများ စိုက်ပျိုးနည်းပညာမြင့်မားရေး၊ အထွက်နှုန်းတိုးတက်စေရေး၊ ဝင်ငွေတိုးတက်ရရှိစေရေး၊ ဈေးကွက်များ ချိတ်ဆက်မိစေရေးအတွက် နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာ NGOအဖွဲ့များ၊ ကုမ္ပဏီများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်လျှက်ရှိပါတယ်။ အဓိက သီးနှံများဖြစ်သော စိန်တစ်လုံးသရက် စိုက်ဧက (၉၀၀၀)ခန့်၊ ရင်ကွဲသရက်(၅၀၀၀)ဧကခန့်၊ အခြားသရက်(၁၀၀၀)ဧကခန့် ရှိပြီး၊ ထွက်ရှိသီးနှံများကို စင်္ကာပူ၊ တရုတ်နိုင်ငံများနှင့် ပြည်တွင်းဈေးကွက်များသို့ တင်ပို့ရောင်းချလျှက်ရှိပါတယ်။

၆။ Unique Lawksawk Mango Public Co.,Ltd ကို အသင်းသား တောင်သူ (၈၀)ဦး ဖြင့် ဖွဲ့စည်းခဲ့ပြီး၊ ငွေကျပ်သိန်း (၆၉၀၀) ရင်းနှီးမြှုပ်နှံကာ Packing House ၊ အအေးခန်းစက်ရုံများ တည်ဆောက်၍ နိုင်ငံတကာအဆင့်အတန်းမီ အရည်အသွေးမီသရက်များ ထုတ်ပိုးတင်ပို့ ရောင်းချလျှက်ရှိပါတယ်။ ထောပတ်သီးနှံဟာဆိုရင် ရှမ်း(တောင်ပိုင်း)မှာ နိုင်ငံတကာရောင်းတန်းဝင် နိုင်ငံခြားမျိုးအနေနဲ့ ဧက(၁၀၀၀၀)ကျော်နှင့် ဒေသမျိုးဧက (၂၀၀၀၀)ကျော်စိုက်ပျိုးထားရှိပါတယ်၊ ထွက်ရှိတန်ချိန်မှာ တစ်နှစ်လျှင် (၆) သိန်းမှ (၁၀)သိန်းခန့် ထွက်ရှိပါတယ်၊ Global GAP Certificate လက်မှတ်ရ တောင်သူ (၃၀) ဦးခန့်ရှိပြီး၊ အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ ထိုင်း၊ ဗီယက်နမ် ဈေးကွက်နှင့် ပြည်တွင်းဈေးကွက်များသို့ တင်ပို့ရောင်းချပြီး၊ လာမယ့်နှစ်များတွင် နိုင်ငံတကာဈေးကွက်များသို့ တင်ပို့ရောင်းချမှာ ဖြစ်ပါတယ်။ အာလူးသီးနှံအနေဖြင့် တောင်သူများမှ ဟဲဟိုးတွင်တန်(၁၀၀၀)ဆန့် အအေးခန်းစက်ရုံ (၁)ရုံအားငွေကျပ်သိန်း(၁) သောင်းခန့် ရင်းနှီးမြှုပ်နှံ၍ လည်းကောင်း၊ ပင်လောင်းမြို့တွင် တန်(၂၀၀၀)ခန့် အအေးခန်းစက်ရုံ (၁)ရုံအား ငွေကျပ်သိန်း (၂) သောင်းခန့် ရင်းနှီးမြှုပ်နှံ၍ လည်းကောင်း တည်ဆောက်ခဲ့ပြီး၊ အာလူးမျိုးများ ဝယ်ယူစုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ တောင်သူများထံသို့ ဖြန့်ဝေခြင်း၊ ခြံမှထွက်ရှိအာလူးများကို ပြည်တွင်းဈေးကွက်သို့ တင်ပို့ရောင်းချလျှက်ရှိပါတယ်။ အချုပ်အားဖြင့်တင်ပြရမယ်ဆို ရင်နိုင်ငံတကာဈေးကွက်ဝင် ကော်ဖီ၊ သရက်၊ ထောပတ်၊ လက်ဖက်၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထွက်ရှိနေပြီး နိုင်ငံတကာသို့ တင်ပို့နိုင်သော အရည်အသွေးမီ GAP လက်မှတ်ရသီးနှံ၊ ဟင်းသီးဟင်းရွက်များထုတ်လုပ်နေပြီ ဖြစ်ပါကြောင်း၊ တောင်သူများ၏ တတ်နိုင်သမျှ စုပေါင်းစွမ်းအားဖြင့် Packing House များ၊ အအေးခန်းစက်ရုံများ၊

ကော်ဖီအမှုန့်ကြိတ်စက်ရုံများ တည်ဆောက်ခြင်း ဆောင်ရွက်လျှက် ရှိပါကြောင်း၊ တောင်သူများ၏ ထုတ်ကုန်များကို အရည်အသွေးနှင့် အရေအတွက် တိုးတက် မြင့်မားစေရန် ဆောင်ရွက်လျှက်ရှိပြီး၊ နိုင်ငံတကာဈေးကွက်ရှာဖွေ၍ ဝင်ငွေမြင့်မားစေရန် ဆောင်ရွက်လျှက် ရှိပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။

၇။ ဒီလိုဆောင်ရွက်နေရာမှာ အဓိကအနေနဲ့ တောင်သူများ၏ ငွေကြေးအရင်းအနှီးဖြင့် တတ်နိုင်သမျှ စက်ရုံ/အလုပ်ရုံများ အကောင်အထည်ဖော် ဆောင်ရွက်နေသော်လည်း ဖွံ့ဖြိုးတိုးတက်မှု ပိုမိုလျှင်မြန်စေရန် ငွေကြေးအရင်းအနှီးများ ထောက်ပံ့ကူညီခြင်းအနေနဲ့ **အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေထောက်ပံ့ခြင်း** ဆောင်ရွက်ပေးစေလိုပါတယ်။ ရှမ်းပြည်နယ်ထွက်သီးနှံနှင့် ဟင်းသီးဟင်းရွက်များကို လက်ရှိတွင် ကုန်စိမ်းအနေဖြင့်သာ တင်ပို့နိုင်သေးသည်ဖြစ်၍ အလေအလွင့်ဆုံးရှုံးမှုများစွာ ရှိနေပါတယ်၊ တန်ဖိုးမြှင့်သီးနှံ အခြောက်ခံစက်များ၊ ပျူရီထုတ်လုပ်စက်များ၊ အေးခဲသီးနှံ ထုတ်လုပ်စက်များ၊ တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ် စက်ရုံများ**လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပေးခြင်း၊ ပြည်တွင်းရင်းနှီးမြှုပ်နှံလိုသူ စီးပွားရေးလုပ်ငန်းရှင်များအား မြေတောင်မြှောက်ပေးခြင်း၊ ထောက်ပံ့ကူညီခြင်း** ဆောင်ရွက်ပေးစေလိုပါတယ်။ ကြက်သွန်ဖြူ၊ အာလူး၊ ပန်းစသော စိုက်ပျိုးတောင်သူများအနေဖြင့် ၎င်းတို့ ထွက်ရှိသီးနှံများ ပြည်တွင်းဈေးကွက် တင်ပို့ရောင်းချရာတွင် တရုတ်နိုင်ငံမှ ဝင်ရောက်လာသောသီးနှံများကို ဈေးနှုန်းမယှဉ်နိုင်၍များစွာ ဆုံးရှုံးနစ်နာစေပါတယ်၊ သို့ဖြစ်၍ **ပြည်တွင်းစိုက်ပျိုး ထုတ်လုပ်မှုကို ကာကွယ်သည့်ဥပဒေများ ချမှတ်**ဆောင်ရွက် ပေးစေလိုပါတယ်။ အသေးစားချေးငွေများ ချမှတ်ပေးရာတွင် တောင်သူတစ်ဦးချင်းသာမက တောင်သူအစုအဖွဲ့ကို ဦးဆောင်ပြီး အထက်ဖော်ပြပါ Packing House များ၊ အအေးခန်းစက်ရုံများ၊ အခြောက်ခံစက်များ၊ တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်မည့်စက်ရုံများ တည်ဆောက်မည့် ကုမ္ပဏီများကိုဦးစားပေး၍ **အတိုးနှုန်း သက်သာစွာဖြင့် နှစ်ရှည်ချေးငွေများချမှတ်ပေးနိုင်ပါရန်**နှင့် သတ္တုလုပ်ငန်းနှင့်ပတ်သက်၍ အသေးစား၊ အလတ်စားလုပ်ငန်းများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ စီမံခန့်ခွဲပိုင်ခွင့် ပေးထားကြောင်း သိရှိရပါသည်ခင်ဗျား၊ ကျောက်မီးသွေး၊ ကျောက်မျက်၊ ခဲ နှင့် အခြား သတ္တုတူးဖော်ခြင်း လုပ်ငန်းများကို ရပ်စဲထားသော်လည်း ပြင်ပတွင် တရားမဝင် တူးဖော်ရောင်းချနေကြောင်း သိရှိရပါသည်ခင်ဗျား။ သို့ဖြစ်ပါ၍ အသေးစား၊ အလတ်စား သတ္တုတူးဖော်ခြင်းလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ခွင့်ပြုပေးစေလိုပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

**ဒေါက်တာစိုင်းလုံ၊ ရှမ်းပြည်နယ် မွေးမြူရေးအဖွဲ့ချုပ် ဥက္ကဋ္ဌ**

၈။ **ကျွန်တော်ကတော့ ဒေါက်တာစိုင်းလုံ ဖြစ်ပါတယ်၊ ရှမ်းပြည်နယ် မွေးမြူရေး အဖွဲ့ချုပ်၏ ဥက္ကဋ္ဌ ဖြစ်ပြီး၊ ဥစားကြက်(၁)သိန်း (၂)သောင်းကို ရှမ်းရိုးမမွေးမြူရေးဇုန်၊ တောင်ကြီးမြို့ အတွင်းမှာ မွေးမြူထားပါတယ်။** မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်ချက်များကို အဓိကထား၍ တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်ဟာ မွေးမြူရေးအတွက် အဓိကကုန်ကြမ်းဖြစ်သော ပြောင်း

ထွက်ရှိရာ ဒေသဖြစ်သည့်အလျောက် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန်ကောင်းမွန်တဲ့ ဒေသဖြစ်ပါတယ်။ ယခုလက်ရှိမှာ တစ်နိုင်ငံလုံးမှာ ဥစားကြက် အကောင်ရေအများဆုံး မွေးမြူလျှက်ရှိပြီး၊ ဒုတိယအနေနဲ့အသားစားမွေးမြူရေးဖြစ်ပါတယ်၊ တတိယအနေနဲ့ ဝက်မွေးမြူရေးနဲ့ အခြားတိရစ္ဆာန်မွေးမြူရေးလုပ်ငန်းတို့ကိုပါ တိုးချဲ့မွေးမြူလာပါတယ်။ ဝက်မွေးမြူရေးလုပ်ငန်းမှာ အဓိက စိန်ခေါ်မှုရှိတဲ့ ပြဿနာကတော့ **အာဖရိက ဝက်အပြင်းဖျားရောဂါ**ဖြစ်ပါတယ်။ အခြားတိရစ္ဆာန်များအနေနဲ့လည်း အလားတူ ရောဂါများရှိပါတယ်။ ကျွန်တော်တို့အနေနဲ့တိရစ္ဆာန်တွေနဲ့ပတ်သက်ပြီး လူတွေလိုပေါ့၊ တိရစ္ဆာန်နဲ့ပတ်သက်တဲ့ ရောဂါရှာဖွေခြင်း၊ အာဟာရဗေဒဆိုင်ရာ ဓါတ်ခွဲခန်းများကိုနိုင်ငံတော်အဆင့်အနေဖြင့် တည်ဆောက်ပေးစေလိုပါတယ်၊ ဥပမာပြောရရင် စပါးခွံကနေ ထွက်ရှိတဲ့ဖွဲကို ငါးတွေကျွေးလိုက်တဲ့အခါ ငါးတွေအကုန်ပက်လက်လန်ပြီး သေကုန်ကြတဲ့အထိ ကြုံတွေ့နေရပါတယ်။ ဒါ့ကြောင့်ဖြစ်နိုင်မဖြစ်နိုင်တော့ ကျွန်တော်လဲမသိပါဘူး၊ လူတွေ စားသောက်နေတဲ့အစားအသောက်ကို စံနှုန်းထားသလို ကျွန်တော်တို့ရဲ့ တိရစ္ဆာန်အစာတွေအတွက်လဲ Quality သတ်မှတ်ချက်တွေနဲ့ FDA လိုမျိုး နိုင်ငံတကာစံနှုန်းတွေလဲထားချင်ပါတယ်။ ဓါတ်ခွဲခန်းတွေလဲ တည်ထောင်စေချင်ပါတယ်။ ကျွန်တော်တို့လက်ရှိမှာတော့ အလုံပိတ်စနစ် မွေးမြူရေးကိုလုပ်ကိုင်လျက်ရှိပါတယ်။

၉။ နောက်တစ်ခုကတော့ လက်ရှိမှာ မွေးမြူရေးဇုန်မှာပဲ မွေးမြူလုပ်ကိုင်လျက်ရှိပြီး ၊ ယခုအခါ လူနေထူထပ်လာပြီး မွေးမြူရေးမှ စွန့်ပစ်သော အညစ်အကြေးများ စွန့်ပစ်ရန် ခက်ခဲမှု၊ ပတ်ဝန်းကျင်မှ အနံ့အသက်များကြောင့် တိုင်တန်းမှုများ ရှိလာသည့်အတွက် ကျွန်တော်တို့ မွေးမြူရေးဇုန်မြေနေရာ သီးသန့်သတ်မှတ်ပေးစေလိုကြောင်း တင်ပြလိုပါတယ်။ နောက်တစ်ချက် ကလဲ ကြက်ဥ၊ ကြက်သား၊ ဝက်သား၊ အမဲသားထွက်ရှိတဲ့အပြင် စည်သွပ်ဗူးတွေအဆင့်ထိ ထုတ်လုပ်ဖို့ ရည်ရွယ်ထားပြီး ဒါတွေကို ဈေးကွက်ဖြန့်ဖြူးဖို့ကိုလဲ နိုင်ငံတော်အစိုးရအစီအစဉ်ဖြင့် ဆောင်ရွက်ပေးနိုင်ရေးကိုလည်း တင်ပြတောင်းဆိုပါတယ်ခင်ဗျား။ ယခုလက်ရှိပြည်နယ်အစိုးရအဖွဲ့မှ ထုတ်ချေးပေးနေသည့် မွေးမြူရေးချေးငွေများမှာ အသားတိုးကြက်နှင့် ဝက်မွေးမြူရေး လုပ်ငန်းများကိုသာ ထုတ်ချေးပေးနေပြီး၊ ဥစား ကြက်မွေးမြူရေးသမားများအနေဖြင့် ချေးငွေရရှိမှု မရှိပါ။ အရင်းအနှီးငွေများလိုအပ်နေသည့် အတွက်ထုတ်ချေးပေးနိုင်ရေးနှင့် ဝက်မွေးမြူရေး လုပ်ငန်း၏ လိုအပ်ချက်အခက်အခဲများကို ဖြေရှင်းပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

## ဦးမျိုးသက်လွင်၊ "SHAN ORCHARD Myanmar Co., Ltd" ၊ ထောပတ်ဆီထုတ်လုပ်ရေးမန်နေဂျာ

၁၀။ ကျွန်တော် ဦးမျိုးသက်လွင်သည် **Shan Orchard Myanmar Ltd.** ထောပတ်သီး အဆီထုတ်လုပ်ရေးလုပ်ငန်းမှ မန်နေဂျာတစ်ဦးဖြစ်ပါတယ်၊ ကျွန်တော်တို့ စက်ရုံကို **တောင်မြေခြားကျေးရွာ၊ သီခေါင် ကျေးရွာအုပ်စု၊ ဟဲဟိုး၊ ကလောမြို့နယ်၊ ရှမ်းပြည်နယ်** (**တောင်ပိုင်း**)**မှာ တည်ထားပါတယ်။ ရည်ရွယ်ချက်ကတော့** ပြည်ပသွင်းကုန်အစားထိုး ထောပတ်ဆီများကို ပြည်တွင်း၌ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ချင်လို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ လုပ်ငန်းသည် ၂၀၁၈ ခုနှစ်

မှ စတင်၍ DICA ၌ ကုမ္ပဏီမှတ်ပုံတင်ပြီး ထောပတ်သီး စိုက်ပျိုးရေးလုပ်ငန်းအား စတင်လုပ်ကိုင်ခဲ့ပြီး (၃၁.၁၀.၂၀၂၂) ရက်နေ့ တွင် MIC ၏ ခွင့်ပြုမိန့် လက်မှတ်ရရှိထားသော စိုက်ပျိုးရေးကုမ္ပဏီလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ Shan Orchard Myanmar Ltd သည် (၂၈.၃.၂၀၂၂) တွင် ထောပတ်သီးဆီထုတ်လုပ်ရန်အတွက် စက်မှုဝန်ကြီးဌာန၏ ခွင့်ပြုမိန့်လက်မှတ်လဲ ရရှိထားသည့်အပြင် မြန်မာပြည်၏ ပထမဦးဆုံးသော ထောပတ်သီးအဆီ ထုတ်လုပ်သည့် စက်ရုံလဲ ဖြစ်ပါသည်။ ကုမ္ပဏီသက်တမ်း(၄)နှစ်တာကာလအတွင်း ဝန်ထမ်း(၁၃)ဦးဖြင့် လုပ်ငန်းလည်ပတ်လျှက်ရှိပါတယ်။

၁၁။ ကုမ္ပဏီ၏ ရည်ရွယ်ချက်မှာ မြန်မာပြည်၏ ထောပတ်သီးဈေးကွက်အား ကမ္ဘာနှင့် ချိတ်ဆက်နိုင်ပြီး ဒေသထွက် ထောပတ်သီးနှင့် ထုတ်ကုန်များအား တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြောင်းလဲပြီးကမ္ဘာမှသိရှိလာစေရန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ရရှိစေရန် ရည်ရွယ်ပါသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံတွင်(၁)နှစ်လျှင် ထောပတ်သီးတန်ချိန်ပေါင်း (၃၀၀၀၀)ကျော် ထွက်ရှိပြီး(၅၀%) သည် စိုက်ပျိုးရေး အသိပညာမပြည့်ဝခြင်း၊ ခူးဆွတ်နည်း မမှန်ကန်ခြင်း၊ ထုပ်ပိုးမှု မမှန်ကန်ခြင်းတို့ကြောင့် နှစ်စဉ် ပျက်စီးဆုံးရှုံးလျှက်ရှိပါသည်။ ထို့ကြောင့် ကုမ္ပဏီအနေဖြင့် ထောပတ်သီးစိုက်ပျိုးတောင်သူများ ပျက်စီးဆုံးရှုံးမှု နည်းပါးစေရန်နှင့် ထောပတ်သီးဈေးကွက် ရရှိလာရေးအတွက် ရည်ရွယ်ပြီးထောပတ်သီး၊ ပယ်သီးများကို ဆီအဖြစ် ပြောင်းလဲထုတ်လုပ်ရန် ရည်ရွယ်၍ ဤစက်ရုံကို တည်ထောင်ခဲ့ပါသည်။ ယခုနှစ်တွင် ကုမ္ပဏီ၏ ငွေကြေးကဏ္ဍအရ ထောပတ်သီး၊ ပယ်သီးများအားလုံးကို ဝယ်ယူနိုင်ခြင်းမရှိသေးဘဲ အနာဂတ်တွင် အားလုံးဝယ်ယူ ထုတ်လုပ်နိုင်ရန် ကြိုးပမ်းလျှက်ရှိပါတယ်။

၁၂။ ကုမ္ပဏီအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ထောပတ်စိုက်ပျိုးသော မြို့များမှ တောင်သူအချို့ကို စိုက်ပျိုးနည်း၊ ခူးဆွတ်နည်း၊ ထုပ်ပိုးနည်းများ မှန်ကန်စေရန် ရည်ရွယ်၍ Global G.A.P သင်တန်းများပေးကာ လက်မှတ်များ ပေးအပ်လျှက်ရှိပါသည်။ နောက်ပိုင်းတွင် ထောပတ်ဆီအသုံးပြု၍ ဒေသထွက် အလှကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်များ ထုတ်လုပ်နိုင်ရန် ရည်ရွယ်ထားပါသည်။ ယခုအခါတွင် ထောပတ်ဆီ အသုံးပြု၍ အလှကုန်များအား ရန်ကုန်မြို့တွင် စမ်းသပ်ထုတ်လုပ်လျှက်ရှိပြီး ဖြန့်ဖြူး ရောင်းချနိုင်ရေးအတွက် FDA လိုင်စင် ရရှိရန် လျှောက်ထားဆဲဖြစ်ပါတယ်။

၁၃။ ဆက်လက်၍ ကျွန်တော်တို့ ကုမ္ပဏီ၏ တွေ့ကြုံရသော အခက်အခဲများအား လေးစားစွာ တင်ပြအပ်ပါတယ်။ ဟဲဟိုးမြို့၊ တောင်မြေခြားကျေးရွာထိပ်တွင်ရှိသော ကျွန်တော်တို့၏ စက်ရုံသည် လုပ်ငန်းလည်ပတ်ရာတွင် လျှပ်စစ်မီး မရရှိသဖြင့် မီးစက် အသုံးပြု၍ လုပ်ငန်းလည်ပတ်နေရပါတယ်။ ယခုအခါတွင် ဒီဇယ်ဈေးများ မြင့်တက်နေမှုကြောင့် မီးစက်အသုံးပြု၍ လုပ်ငန်းလည်ပတ်ရာတွင် ကုန်ကျစရိတ်များ မြင့်တက်လာသဖြင့် အဆင်မပြေမှုများရှိလာပါသည်။ ကျွန်တော်တို့အနေဖြင့် လျှပ်စစ်မီးရရှိရန် အမှန်တကယ်လိုအပ် လျှက်ရှိပါသည်။ ထို့အပြင် ရွာအဝင်လမ်းမှာလည်း မြေသားလမ်း ဖြစ်သဖြင့် တောင်မြေခြားကျေးရွာသားများနှင့် တောင်သူများ၏

သွားလာရေး ခက်ခဲလျှက်ရှိပြီး၊ မြေသားလမ်း ဖြစ်သဖြင့် မိုးရာသီတွင် လမ်းမှာ အလွန်ဆိုးဝါးစွာ ပျက်စီးပြီး ထုတ်ကုန်များ သယ်ယူပို့ဆောင်ရာတွင် ကားများ နွံ့နစ်ခြင်း၊ လမ်းချော်ခြင်း များကြောင့် လမ်းခရီး ကြန့်ကြာမှုများ ဖြစ်နေပါသည်။ ထို့ကြောင့် **ရွာအဝင်လမ်း ကောင်းမွန်စေရန်နှင့် လျှပ်စစ်မီး ရရှိရေး အချက်(၂)ချက်မှာ အထူးလိုအပ်လျှက်ရှိပါကြောင်း** တင်ပြအပ်ပါတယ်။

## ဦးရဲထွန်း၊ ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဆန်စက်လုပ်ငန်းရှင်များအသင်း

**၁၄။** ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း) ဆန်စက်လုပ်ငန်းရှင်များအသင်းရဲ့ ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်နေသော လုပ်ငန်းရှင် ဦးရဲထွန်း ဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော့် အနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အသေးစား လုပ်ငန်းရှင်များအတွက် အားသာချက်ကို တင်ပြရလျှင် ရှမ်းပြည်နယ်(တောင်ပိုင်း)သည် ပြည်နယ်အေးချမ်းလုံခြုံခြင်းကြောင့် မည်သည့်လုပ်ငန်းမဆို လုပ်ကိုင်ဆောင်ရွက်ရန် လွယ်ကူပါတယ်။ ရောင်းဝယ်ဖောက်ကားရာတွင်လည်း လွယ်ကူအဆင်ပြေပြီး အခွန်ပေးဆောင်မှု၊ လုပ်ငန်းလိုင်စင် လုပ်ကိုင်ရာတွင်လည်း ဌာနဆိုင်ရာများမှ လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်ပေးခြင်းတို့ကြောင့် အဆင်ပြေပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း) ဆန်စက်လုပ်ငန်းရှင်များအသင်းဟာဆိုရင် ဆန်စက်မှာ စပါးလည်းကြိတ်တယ်၊ ဆန်လည်းရောင်းတယ်၊ စပါးလည်း စိုက်ကြပါတယ်၊ မွေးမြူရေးလည်း လုပ်ကြတယ်၊ အသေးစားနှင့် အငယ်စားလုပ်ငန်းရှင်အစုံပါတဲ့ အသင်းဆိုလည်း မမှားပါဘူး၊ (၆.၁၀.၂၀၂၂)ရက်နေ့ကနေ နေပြည်တော်မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂)မှာ ပြုလုပ်သော မြန်မာ့ဆန်စပါး ညီလာခံသို့ ရှမ်း(တောင်) ဆန်စက် အသင်းမှ ပြည်နယ် ကိုယ်စားပြု(၃)ဦး တက်ရောက်ခဲ့ပါတယ်။ အဆိုပါ အခမ်းအနားတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဆန်စပါးကျွမ်းကျင်ပညာရှင်များ တက်ရောက်မှာကြား ဆွေးနွေးခဲ့ကြလို့ ကျွန်တော်တို့ အတွေ့အကြုံများစွာ ရရှိခဲ့ပါတယ်၊ နိုင်ငံတော်အကြီးအကဲ လမ်းညွှန်မှာကြားခဲ့သော မျိုး၊ မြေ၊ မြေသြဇာ၊ နည်းပညာ အချက်(၄)ချက်ကို အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခအငြိမ်းစား ဒေါက်တာတင်ထွဋ်နဲ့ တွေ့ဆုံပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)နဲ့ သင့်တော်မည့် စပါးမျိုးများ စမ်းသပ်စိုက်ပျိုး အကောင်အထည်ဖော် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ ရှမ်းပြည်နယ်မှာ အများဆုံး စိုက်ကြတဲ့ ရွှေရင်အေး၊ ရွှေအပ်ဆိုပြီး ရှမ်းဆန်အနေနဲ့ တရုတ်ပြည်သို့ မူဆယ်-လားရှိုး မြို့များမှတစ်ဆင့် တင်ပို့ရောင်းချခြင်းများ ရှိပါတယ်၊ မသမာသူ စီးပွားရေးသမားများက တရုတ်ပြည်သို့ စပါးများ တရားမဝင်ရောင်းချခြင်းများ၊ တရုတ်ပြည်နဲ့နီးစပ်ရာဒေသများတွင် ကြိတ်ခွဲ၍ ဆန်ရောင်းချခြင်း၊ စပါးဈေးနှုန်းများမှာ ဈေးပြိုင်စနစ်ဖြစ်ရခြင်းတို့ကြောင့် ဆန်စက်များ ရပ်နားထားရခြင်း၊ အလုပ်သမားများ အလုပ်အကိုင် နည်းပါးခြင်း၊ စားသုံးသူများ အခက်ကြုံ ခြင်းများ ကြုံတွေ့နေရပါတယ်၊ ရှမ်းပြည်နယ်မှ ထွက်ရှိသော စပါးများကို မန္တလေးနှင့် တရုတ်ပြည်သို့ သယ်ယူရောင်းချခြင်းများကို နိုင်ငံတော်အဆင့်၊ ပြည်နယ် အဆင့်များမှ လိုအပ်သလို တားဆီးပေးနိုင်ပါရန် အကူအညီတောင်းခံအပ်ပါတယ်။

၁၅။ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ မိုးစပါး (၃၆၀၈၃၇၀၃) ဧကခန့်၊ နွေစပါး (၂၀၄၇၆၆၅) ဧကခန့် စုစုပေါင်း (၃၈၁၃၁၃၆၈) ဧကခန့်ရှိပါတယ်၊ မိုးစပါးက တစ်ဧကမှာ စပါးတင်း(၆၀-၈၀) ခန့် ထွက်ရှိပြီး နွေစပါးက တစ်ဧကမှာ စပါးတင်း (၇၀-၉၀)ခန့် ထွက်ရှိပါတယ်၊ ပျှမ်းမျှ အနေအထား တင်ပြခြင်းဖြစ်ပြီး၊ ရှမ်းကောက်ညှင်းအဖြူကတော့ (၃၀၀၀၀)ဧကခန့်၊ ကောက်ညှင်းအမဲကတော့ (၁၅၀၀၀)ဧကခန့် စိုက်ကြပြီး၊ တစ်ဧကမှာ (၅၀-၈၀)တင်းခန့် ပျှမ်းမျှ ထွက်ပါတယ်။ ကောက်ညှင်း စိုက်ဧကကတော့ ရာသီနှင့် ဈေးနှုန်းအပေါ် မူတည်ပြီး အပြောင်းအလဲ များရှိပါတယ်၊ တောင်ယာ စပါးစိုက်ပျိုးခြင်းများလဲ အတူပါဘဲ၊ ရှမ်းပြည်နယ် မြေအနေအထားတွေက တစ်နေရာနဲ့ တစ်နေရာ မတူကြတော့ ကွဲလွဲမှုများ ရှိပါတယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နဲ့ သင့်တော်မယ့် စပါးမျိုးများ ကောက်ညှင်းမျိုးများကို လိုအပ်သလို စီစဉ်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

၁၆။ ဆန်စက် အကြီးစား (၄၂)လုံး၊ အလတ်စား(၃၄၈)လုံး၊ အငယ်စား (၇၂၇)လုံး၊ စုစုပေါင်း (၁၁၁၈)လုံး ရှိပြီး၊ ဆီစက်အနေဖြင့် အကြီးစား (၁၁) လုံး၊ အလတ်စား (၇၇)လုံး၊ အငယ်စား (၂၁၂) လုံး၊ စုစုပေါင်း (၃၀၀)လုံးခန့်ရှိပါတယ်။ စပါးစိုက်ဧကမှာ မိုးစပါး၊ နွေစပါး စိုက်ပျိုးခြင်း၊ ဆီထွက် သီးနှံများစိုက်ပျိုးခြင်း၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းများဟာ ခန့်မှန်းခြေ(၆၀%-၈၀%)ခန့် ဖူလုံမှုရှိတယ်လို့ မှတ်တမ်းများအရသိရှိရပါတယ်။ ဆန်စက်၊ ဆန်ဂိုဒေါင် အများစုဟာ ကျေးရွာမြေ၊ သစ်တောမြေ၊ကန်တော်မင်မြေ၊ လယ်ယာမြေတွေပေါ်မှာ ဘိုးဘွားဘီဘင်ကတည်းက တည်ဆောက် လုပ်ကိုင်လာကြတော့ ပုံစံ(၇)၊ ပုံစံ(၁၀၅) ၊ ဂရန်တို့ မရှိကြပါဘူး၊ လယ်ယာမြေအခြားနည်းသုံးစွဲခွင့် လျှောက်ထားလို့ ရတဲ့သူလဲ ရကြပါတယ်၊ မရတဲ့သူတွေက များပါတယ်၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများ ချေးပေးတဲ့အခါ အထောက်အထားမပြနိုင်လို့ ချေးခွင့် မရခဲ့ကြပါဘူး၊ မြေပေါ်ပိုင်ဆိုင် တာတွေတော့ ပြနိုင်ကြပါတယ်၊ ကျွန်တော်တို့ ဆန်စပါးအသင်းဟာဆိုရင် နိုင်ငံတော်အကြီးအကဲများ လမ်းညွှန်ဦးဆောင်ခဲ့တာ နှစ်ပေါင်း (၈၀)ကျော်ခဲ့ပါပြီ၊ (၆.၃.၂၀၂၃) ရက်နေ့ကလဲ ရန်ကုန်မြို့ ကုန်သည် ကြီးများအသင်းရုံးနဲ့ ပုသိမ်မြို့ ရောဈှေ့ဝါခန်းမတို့၌ ဆန်စပါးဥပဒေမူကြမ်းနဲ့ စပ်လျဉ်းသည့် အလုပ်ရုံ ဆွေးနွေးပွဲများကို အစိုးရအဖွဲ့များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လုပ်ငန်းရှင်များ ဆွေးနွေးခဲ့ကြ ပါတယ်။ ဆန်စက်လုပ်ငန်းရှင်များအသင်းဟာ ခိုင်မာတည်ကြည်တဲ့ အသင်းဆိုလည်း မမှားပါဘူး၊ ထို့အတွက် ဆန်စက်များအဆင့်မြှင့်တင်ခြင်း၊ စပါးဂိုဒေါင် ၊ ဆန်ဂိုဒေါင်များ ပြုလုပ်ခြင်း၊ လုပ်ငန်းချဲ့ ခြင်းများ ပြုလုပ်ပြီး စားသုံးသူပြည်သူများ ဈေးသက်သာဖူလုံနိုင်ရေးအတွက် နိုင်ငံ့စီးပွား မြှင့်တင် ရေးရန်ပုံငွေမှ ကျန်နေသေးသော လုပ်ငန်းရှင်များအား အလွယ်တကူချေးပေးလို့ရပါလျှင် ချေးပေး ပါရန် တင်ပြလိုပါတယ်၊ ဒါ့အပြင် လယ်ယာမြေ အခြားနည်းသုံးစွဲခွင့် လျှောက်ထားခြင်းကိုလည်း သက်ဆိုင်ရာဌာနများမှာ လျှောက်ထားခြင်းများအား လက်ခံဆောင်ရွက်ပေးပါလို့ တင်ပြတောင်းဆို အပ်ပါတယ်။ ကျွန်တော်တို့ဒေသရှိ SME လုပ်ငန်းရှင်များ၏ လုပ်ငန်းများ ဖွံ့ဖြိုးတိုး တက်စေရန်၊ စားသုံးသူ ပြည်သူများ လွယ်ကူစေရေးအတွက် ကူညီဆောင်ရွက်ပေးနိုင်ပါရန် ဂါရဝတရား ရှေ့ထား၍ တင်ပြလိုက်ပါတယ်။

၁၇။ ကျွန်တော်တို့အသင်းရဲ့ လုပ်ဆောင်ချက်များအနေနဲ့ မွန်ပြည်နယ်ရေဘေးကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးများတွင် ပါဝင်လုပ်ကိုင်ခြင်း၊ ဒေသရှိ မျိုးဆက်သစ်ဆန်စက် လူငယ်များအား ရန်ကုန်မြို့၊ ပုသိမ်မြို့များသို့ အဆင့်မြင့်ဆန်စက်လေ့လာရေးများ ပို့ဆောင်ပေးခြင်း၊ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် ကုသရေးများတွင် ပါဝင်လုပ်ကိုင်ခဲ့ခြင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ဆန်ဈေးမတည်ငြိမ်မှုကို ပါဝင်ဖြေရှင်းပေးခြင်း၊ ဆန်နှင့် ဆန်ထွက်ပစ္စည်းများ၊ မျိုးစပါးများ ပြခန်းပြသပေးခြင်း၊ တောင်သူလယ်သမားများအား အလျဉ်းသင့်သလို မျိုး၊ မြေ၊ မြေဩဇာ၊ နည်း ပညာများအား လုပ်ငန်းခွင်သို့ သွားရောက် အသိပညာပေးခြင်း၊ ဆန်အရည်အသွေးကောင်းမွန်ပြီး ဆန်စက်များ အဆင့်မြင့်နိုင်ရေးအား စက်ပိုင်များနှင့် တွေ့ဆုံကူညီပေးခြင်းတို့၏ မှတ်တမ်း လုပ်ဆောင်ချက်များကို အတိုချုံးတင်ပြခြင်း ဖြစ်ပါတယ်။

၁၈။ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ကျွန်တော်တို့ ရှမ်းပြည်နယ်(တောင်ပိုင်း) ဆန်စက်လုပ်ငန်းရှင်များအသင်းအား ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ နိုင်ငံတော်အဆင့်မှအစပြုပြီး လိုအပ်သည်များ ညွှန်ကြားမှုပြုပေးပါလို့ လေးစားစွာ တောင်းဆိုတင်ပြခြင်းအား နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား၊ အားလုံးကိုကျေးဇူးတင်ပါတယ်။

**သုခမွှေသိင်္ဂီ ဒေါက်တာကေသီအောင်၊ "ခိုင်မေတ္တာ" ဆေးရုံ၊ CEO**

၁၉။ ကျွန်မ သုခမွှေသိင်္ဂီ**ဒေါက်တာကေသီအောင်သည် တောင်ကြီးမြို့ရှိ ခိုင်မေတ္တာ အထွေထွေရောဂါကုဆေးရုံ၏** CEO **တစ်ဦး ဖြစ်ပါတယ်၊ အမှတ်(၁၁/၇)၊ ကမ္ဘောဇလမ်း၊ ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့တွင်တည်ရှိပြီး၊ ၂၀၁၅ ခုနှစ်မှ စတင်တည်ထောင်ကာ တောင်ကြီးမြို့နှင့် အနီးတဝိုက်မြို့နယ်များရှိ အများပြည်သူများအတွက် ကျန်းမာရေး ဝန်ဆောင်မှုပေးနေသော လုပ်ငန်းတစ်ခု ဖြစ်ပါတယ်၊ ကျွန်မတို့ဆေးရုံမှာ မိခင်နှင့်ကလေးကို အဓိကထားပြီး ကုသပေးတဲ့ဆေးရုံဖြစ်ပါတယ်၊ နှစ်စဉ်ကလေးဦးရေ (၃၀၀၀)ကျော်ကို မွေးဖွားပေးနေတဲ့ ဆေးရုံဖြစ်ပါတယ်၊ ဆေးရုံတည်ထောင်ချိန်ကစပြီးယနေ့အထိ အများသူငါ သက်သာချောင်ချိစွာ ဆေးကုသမှု ခံယူနိုင်ရေးအတွက် အသက်သာဆုံးသော ဝန်ဆောင်မှု ဈေးနှုန်းထားဖြင့် စံစဉ်ကာ ကျန်းမာရေးစောင့်ရှောက်မှုကို ဝန်ဆောင်မှုအပြည့်ဖြင့် ပေးသည့်အတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ရှိသော မိခင်များအတွက် အားထားရာဆေးရုံတစ်ခု ဖြစ်ပါတယ်။ ဆေးရုံအတွင်းဝန်ဆောင်မှုပေးရုံမကဘဲ ခိုင်မေတ္တာဆေးရုံအနေဖြင့် သက်ဆိုင်ရာ မြို့နယ် ကျန်းမာရေးဌာနများနှင့် ချိတ်ဆက်သတင်းပို့ပြီး ကျေးရွာပေါင်း(၅၀)ကျော်အား အခမဲ့ဆေးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ဘုန်းတော်ကြီး ပညာသင်ကျောင်းများတွင် ရှိသော ရဟန်းများ၊ ကိုရင်များနှင့် ကျောင်းသားငယ်များအား ဆေးကုသမှု အပတ်စဉ် အခမဲ့ ပြုလုပ်ပေးနေပြီး ကိုဗစ်ကာလတွင်သာ ခဏနားထားပြီး ဆေးရုံသို့ခေါ်ယူကုသပေးခြင်း၊ ဘုန်းတော်ကြီးကျောင်း**

များတွင် အသည်းရောင်အသားဝါ (ဘီပိုးရှိ/မရှိ) **ဆေးစစ်ပေးခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်း တို့ကို ဆောင်ရွက်ပေးနေသော ဆေးရုံတစ်ခုဖြစ်ပါတယ်။**

**၂၀။** ခိုင်မေတ္တာဆေးရုံအနေဖြင့် အလတ်စားလုပ်ငန်း တစ်ခုဖြစ်ပြီး၊ မိမိတို့ဆေးရုံအနေဖြင့် ကိုဗစ်-၁၉ကပ်ရောဂါကာလအတွက် နိုင်ငံတော်မှ ကုစားရန်ပုံငွေ ချေးငွေသိန်း(၃၅၀)ချေးယူထားရှိပါတယ်။ ထိုသို့ နိုင်ငံတော်က ထောက်ပံ့ချေးငွေထုတ်ပေးခြင်းအတွက် အထူးကျေးဇူးတင်ရှိကြောင်းလည်း ဦးစွာတင်ပြ အပ်ပါတယ်။ ကိုဗစ်ကာလမှာ ရရှိထားသော ချေးငွေများအား Mask များ ပြတ်လပ်နေသည့်အချိန်တွင် အဝတ် Mask များ၊ OT Gown များချုပ်လုပ်ကာ ရှမ်း(တောင်) အနေဖြင့် ပထမဦးစွာ လိုအပ်လျှက်ရှိသော နေရာဒေသအနှံ့ တင်ပို့ရောင်းချခြင်း၊ လှူဒါန်းခြင်းများ ပြုလုပ်ခဲ့ပါတယ် ။ ဆပ်ပြာဆီများ ထုတ်လုပ်ခြင်း ၊ လက်သန့်ပိုးသတ်ဆေးရည်များ ထုတ်လုပ်ခြင်း လုပ်ငန်းများကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် ထုတ်လုပ်ခွင့်မှတ်ပုံတင်ယူပြီး ယနေ့အထိ သက်သာသောဈေးနှုန်းဖြင့် ရောင်းချခဲ့ပါတယ်။

၂၁။ ချေးငွေအတွက် အတိုးငွေများကိုလည်း ရရှိသောအမြတ်များမှ ပေးဆပ်ခဲ့ပါတယ်ရှင့်။ ပြီးခဲ့သောလအနည်းငယ်က ဒေါ်လာဈေးရတ်တရက်ကြီးမြင့်မှုကြောင့် ဆေးရုံအတွက် ဆေးများဝယ်ယူရမှုနှင့် ဆေးရုံသုံးပစ္စည်းများ လိုအပ်ချက်အရ ထပ်မံဝယ်ယူရမှုများတွင် အခက်အခဲများ ကြုံတွေ့ခဲ့ရပါတယ်။ အချို့ဆေးများဆိုလျှင် ဝယ်ယူရ လွန်စွာခက်ခဲခဲ့ရပါတယ်။ သို့ဖြစ်သည့်အတွက် **ချေးငွေပြန်ဆပ်ခြင်းကို ကာလတစ်ခုအထိဆိုင်းငံ့ပေးပါရန်** ပထမဦးစွာတင်ပြအပ်ပါတယ်ရှင့်။ ဆေးဈေးနှုန်းမြင့်တက်မှုအပေါ် လူနာများအခက်အခဲမရှိစေရန် လွန်ခဲ့သောလအနည်းငယ်တည်းက မရှိမဖြစ်လိုအပ်ချက်ရှိသော ဆေးများဝယ်ယူစုဆောင်းထားသည့်အတွက် မွေးဖွားစရိတ်ကို ဈေးတက်ယူခြင်းမရှိဘဲသက်သာသော ဈေးနှုန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။

၂၂။ နေရာဒေသမျိုးစုံမှ တိုင်းရင်းသားလူနာများ အခက်အခဲမရှိစေရန်လည်း ကျွန်မတို့“ခိုင်မေတ္တာ” အမည်ဖြင့် တောင်ကြီးမြို့အပြင်၊ နမ့်စန်မြို့နှင့် ညောင်ရွှေမြို့တို့မှာ ပုဂ္ဂလိကဆေးရုံများ ထပ်မံဖွင့်လှစ်ထားပါတယ်ရှင့် ၊ ထမင်းကျွေးဝန်ဆောင်မှုကို တစ်နေ့လျှင် (၃)နပ်ကျွေးမွေးလျက် ရှိပါတယ်။ ညောင်ရွှေဆေးရုံ၏ အားနည်းချက်မှာ CT Scan စက်မရှိသဖြင့် လူနာများ တောင်ကြီးမြို့ထိ သွားရောက်၍ CT ရိုက်ရပါသည်ရှင့်။ ခရီးဝေးလွန်းခြင်းနှင့် အချိန်ကုန်ခြင်းတို့ကြောင့် ကျွန်မတို့ဆေးရုံအနေဖြင့် CT စက်ဝယ်ယူလိုသော်လည်း ရင်းနှီးငွေ မတတ်နိုင်ပါရှင့်။ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ကျွန်မတို့ပုဂ္ဂလိကဆေးရုံ၏ ဝန်ဆောင်မှုလုပ်ငန်းများ ယခုထက်ပိုမိုချောမွေ့ပြေပြစ်စေရန်အတွက် ထပ်မံချေးငွေထုတ်ပေးခြင်း၊ ဒါမှမဟုတ် **လိုအပ်သည့် စက်ကိရိယာများအား နိုင်ငံတော်မှ ပံ့ပိုးဝယ်ယူပေးပြီး အရစ်ကျစနစ်ဖြင့် ပြန်လည်ပေးသွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဆိုပါက** ပိုမိုကောင်းမွန်မည် ဖြစ်ပါကြောင်း လေးစားအားကိုးစွာ တင်ပြအပ်ပါတယ်။

၂၃။ ယခုလို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်အား MSME လုပ်ငန်းရှင်တစ်ယောက်အနေဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်

ဘဝမြှင့်တင်ရေးအသင်း၊ ဥက္ကဋ္ဌ (ရှမ်း-တောင်) အနေဖြင့် တင်ပြခွင့်ပေးသည့်အတွက်အထူးပင် ကျေးဇူးတင်ရှိပါတယ်ရှင့်။ ယခုထက်ပိုပြီး နိုင်ငံတော်တိုးတက်ကောင်းမွန်အောင် သစ္စာရှိစွာ စရိတ်မျှပေးကျန်းမာရေးစနစ်ဖြင့် ပူးပေါင်းပါဝင် ကြိုးစားသွားပါမယ်။

**ဦးအောင်နိုင်ဦး၊ “ ရှမ်းစတား ” သောက်ရေသန့်လုပ်ငန်း**

**၂၄။** ကျွန်တော် ဦးအောင်နိုင်ဦး ရှမ်းစတားသောက်ရေသန့်(အဖျော်ယမကာ ထုတ်လုပ်ခြင်းလုပ်ငန်း)လုပ်ကိုင်နေသောလုပ်ငန်းရှင်တစ်ဦးဖြစ်ပါတယ်။ ကျွန်တော့်လုပ်ငန်းကတော့ (၁၈.၂.၂၀၁၈) မှလုပ်ငန်း စတင်လုပ်ကိုင်ပြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှာ စက်မှုမှတ်ပုံတင်အမှတ် (ရ/ကြီး/၃၉၇)ဖြင့် မှတ်ပုံတင်ထားပြီး (SME Member Card) ရရှိပြီးသောအလတ်စားလုပ်ငန်းဖြစ်ပါတယ်ခင်ဗျာ၊ ရေသန့်လုပ်ငန်း ဖြစ်သည့်အားလျော်စွာ အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA) ထောက်ခံချက်ရယူ၍နှစ်စဉ်ပုံမှန် စစ်ဆေးမှုခံယူ၍ သက်တမ်းတိုးလျှက်ရှိပါသည်။ ရေသန့်အား လွိုင်လင်မြို့နှင့် မိုင်းပွန်မြို့သို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ လုပ်ငန်းလုပ်ကိုင်ရာတွင် တွေ့ကြုံနေရသော အချို့အခက်အခဲများ ရှိသော်လည်း အဆင်ပြေအောင်ဆောင်ရွက်နိုင်ပါတယ်၊ အဓိကအခက်အခဲမှာ တစ်ရက်လျှင်(၅) နာရီ အချိန်ခန့်မီးပျက်နေ၍ မီးစက်ဖြင့်မောင်းနှင်အလုပ်လုပ်ရာတွင် ဆီ(၃)ဂါလံခန့် ကုန်ကျငွေ(၃၀၀၀၀)ကျပ်ခန့် ကုန်ကျစရိတ်ရှိသဖြင့် လုပ်ငန်းလုပ်ဆောင်ချိန်တွင် ပုံမှန်ရရှိစေရေးအတွက် စဉ်းစားသုံးသပ် ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဦးမောင်ပုံ၊ ဆန်စက်လုပ်ငန်း**

၂၅။ ကျွန်တော်ကတော့ ဦးမောင်ပုံ ဖြစ်ပြီး ဆန်စက်လုပ်ငန်းအား ပင်လုံမြို့ ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)မှာ တည်ထောင်ထားပါတယ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ အစားအစာထုတ်လုပ်ခြင်းလုပ်ငန်းအတွက် စက်မှုမှတ်ပုံတင်အမှတ် (ရ/လတ်/ ၈၂၀)နှင့် (SME Member Card) ရရှိပြီးသော အငယ်စားလုပ်ငန်း ဖြစ်ပါတယ်ခင်ဗျာ၊ (၁၆.၆.၂၀၁၇) ခုနှစ်တွင် လုပ်ငန်းစတင်လုပ်ကိုင်ခဲ့ပြီး ဒေသထွက်စပါးများ ဝယ်ယူကြိတ်ခွဲ၍ လွိုင်လင်၊ ပင်လုံမြို့များသို့ ဖြန့်ဖြူးရောင်းချလျှက်ရှိပါသည်။ ဆန်စက်လုပ်ငန်း လုပ်ကိုင်ရာတွင် Power Meter လျှောက်ထား၍ ဆောင်ရွက်ခဲ့သော်လည်း ကျွန်တော်တို့ရပ်ကွက် အနေအထားအရ Transformer နှင့်ပေ(၈၀၀) ကျော်ဝေးကွာ၍မီးအားမနိုင်သည့်အခက်အခဲများရှိပါသည်။ တစ်ရက်လျှင်(၁၅)တန်ကျ စက်တပ်ဆင်အသုံးပြုထားပြီး ပုံမှန်တစ်တန်ကြိတ်ခွဲလျှင် (၁)နာရီကျော်သာ အချိန်ကြာမြင့်နိုင်သော်လည်း မီးအားနည်းသည့်အတွက် (၂)နာရီ၊ (၃)နာရီခန့်ကြိတ်ခွဲနေရပါကြောင်း၊ ဒါ့ကြောင့်လုပ်ငန်းတိုးချဲ့လုပ်ကိုင်နိုင်ရေးကိုယ်ပိုင် Transformer ဝယ်ယူတပ်ဆင်နိုင်ရေးအတွက် နိုင်ငံတော်မှ အတိုးနှုန်းသက်သာသော ချေးငွေရယူလိုပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

**ဦးမြင့်အောင်၊ Myanmar Belle Shin Shin Foods Co.,Ltd. (မန်နေဂျာ)**

**၂၆။ ကျွန်တော်ကတော့ ဦးမြင့်အောင် ဖြစ်ပါတယ်။** Myanmar Belle Shin Shin Food Co.,Ltd **သည် ဝါးရုံပင်ကျေးရွာ၊ ဟဲဟိုး၊ ကလောမြို့နယ်၊ ရှမ်းပြည်နယ်** (**တောင်ပိုင်း**)**မှာ တည်ရှိပြီး** ဟင်းသီးဟင်းရွက် အခြောက်ခံလုပ်ငန်း တစ်ခု ဖြစ်ပါသည်။ ဟင်းသီးဟင်းရွက် ကုန်ကြမ်းများကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ကာ နိုင်ငံခြားသို့ တင်ပို့လျှက်ရှိပါသည်။ ကျွန်တော်တို့ နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည့်အတွက် ရှမ်းပြည် နယ်ဒေသမှ ထွက်ရှိသော သီးနှံများ (ဂေါ်ဖီထုပ်၊ မုန်လာရွက်၊ မုန်လာဥဖြူ၊ မုန်လာဥနီ၊ ဂျပန်ဟင်းနုနွယ်၊ ဂျင်း) တို့ကို တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်လျှက်ရှိပါသည်။ ကျွန်တော်တို့ကုမ္ပဏီသည် (၁၆.၉.၂၀၁၄)မှ စတင်၍ DICA ဌာနတွင် ကုမ္ပဏီမှတ်ပုံတင်ထားပြီး စက်ရုံလုပ်ငန်းကို လုပ်ကိုင်ခဲ့ပြီး၊ (၂၉.၉.၂၀၁၅) ရက်နေ့တွင် MIC ခွင့်ပြုမိန့် လက်မှတ်ရရှိထားသော ဟင်းသီးဟင်းရွက် အခြောက်ခံထုတ်လုပ်သည့် လုပ်ငန်းဖြစ်ပါသည်။ မြန်မာပြည်၏ ပထမဆုံးသော ဟင်းသီးဟင်းရွက်အခြောက်ခံစက်ရုံ ဖြစ်ပါသည်။ ကုမ္ပဏီသက်တမ်း (၁၁)နှစ်တာအတွင်း ဝန်ထမ်း(၂၅၀)ဦးဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိပါသည်။ ရှမ်းပြည်နယ်သည် ဟင်းသီးဟင်းရွက် အများဆုံးထွက်ရှိသော ဒေသဖြစ်ပြီး သီးနှံဈေးနှုန်း အတက်အကျကြမ်းခြင်း၊ ဈေးကွက်မတည်ငြိမ်ခြင်း၊ ကုန်သည်ပွဲစားများ ဈေးကစားခြင်းတို့ကြောင့် စိုက်ပျိုးတောင်သူများ ဈေးကွက်ပေါက်ဈေးအတိုင်း ရရှိမှုနည်းပါးသဖြင့် ဝင်ငွေနည်းပါးကာ ဆင်းရဲခြင်းများ ကြုံတွေ့နေရပါတယ်။ နှစ်စဉ်စိုက်ပျိုးထားသည့် သီးနှံများအား ဈေးကျချိန်တွင် ခြံအတွင်း ရိတ်သိမ်းခြင်းမပြုတော့ဘဲ ဖျက်စီးပစ်သည့် အခြေအနေနှင့် ရင်ဆိုင်ကြရပါတယ်။ ထို့ကြောင့် တောင်သူများဝင်ငွေတိုးပြီး ဈေးကွက်တည်ငြိမ်စေရန်အတွက် Myanmar Belle Shin Shin Food Co.,Ltd သည် တောင်သူများနှင့် ကန်ထရိုက်လယ်ယာစနစ်ဖြင့် အကျိုးတူပူးပေါင်းကာ ဂေါ်ဖီထုပ်၊ မုန်လာရွက်၊ မုန်လာဥဖြူ၊ မုန်လာဥနီနှင့် ဂျပန်ဟင်းနုနွယ်၊ ဂျင်းတို့ကို စိုက်ပျိုးပြီး တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ကာ နိုင်ငံခြားသို့ တင်ပို့ရောင်းချပါတယ်။ ကုမ္ပဏီ၏ ရည်ရွယ်ချက်မှာ မြန်မာ့ဟင်းသီးဟင်းရွက်ဈေးကွက်အား ကမ္ဘာနှင့်ချိတ်ဆက်ကာ ကုန်ကြမ်းများအား တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ကမ္ဘာမှသိရှိလာပြီး၊ နိုင်ငံခြားဈေးကွက် ရရှိလာပြီး နိုင်ငံတော်မှဝင်ငွေရှာဖွေပေးရန် ရည်ရွယ်ပါသည်။ တောင်သူများ တည်ငြိမ်သောဈေးကွက်နှင့် အကျိုးအမြတ်ရရှိကာ ဝင်ငွေတိုးတက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရန်၊ စားနပ်ရိက္ခာဖူလုံမှု၊ ဘေးအန္တရာယ် ကင်းရှင်းမှုတိုးတက်စေရန် ကန်ထရိုက်လယ်ယာစနစ်ဖြင့် အရည်အသွေးကောင်းမွန်သော ကုန်ကြမ်းများကို တစ်နှစ်ပတ်လုံးစိုက်ပျိုးနိုင်ပြီး၊ အခြောက်ခံ ဟင်းသီးဟင်းရွက်များအဖြစ် ထုတ်လုပ်ကာ Made in Myanmar Product ဖြင့် နိုင်ငံတကာဈေးကွက်သို့တင်ပို့ရန်နှင့် နိုင်ငံတော်၏ ဆင်းရဲနွမ်းပါးမှုလျော့ချသည့် အစီအစဉ်တွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ရည်ရွယ်၍ ဤစက်ရုံကို တည်ထောင်ခဲ့ပါကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။

၂၇။ လုပ်ငန်းလုပ်ကိုင်ရာတွင်တွေ့ကြုံရသည့် အခက်အခဲများအနေနဲ့ **ကန်ထရိုက်လယ်ယာစနစ်ဖြင့် တောင်သူများနှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသော်လည်း ရာသီဥတု ဖောက်ပြန်ခြင်းကြောင့် စိုက်ခင်းပျက်စီးမှုများ ရင်ဆိုင်နေရပြီး လက်ရှိလုပ်နေသော သီးနှံ(၆)မျိုး အပြင် နိုင်ငံတကာဈေးကွက်ဝယ်လိုအား လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်အတွက် အရံစိုက်ခင်း စိုက်ပျိုးထား ရှိလိုပါတယ်ခင်ဗျား။ ယခင်က ဟဲဟိုးစိုက်ပျိုးဥယျာဉ်ခြံ၌ (၆၅)ဧက ငှားရမ်း၍ စိုက်ပျိုးခဲ့သော်လည်း ၂၀၁၅-၂၀၁၆ ခုနှစ်လောက်မှ စ၍ နိုင်ငံတော်မှ ငှားရမ်းခြင်း မရှိတော့သည့် အတွက် မြေနေရာအခက်အခဲရှိနေပါတယ်။ ဒါ့ကြောင့် စိုက်ပျိုးမြေနေရာ လိုအပ်ပါကြောင်း တင်ပြအပ်ပါသည်။ လျှပ်စစ်မီး မရရှိသောအချိန်တွင် မီးစက်၊ ဘွိုင်လာများ အသုံးပြုရသည့်အပြင် သီးနှံများ သယ်ယူပို့ဆောင်ရာတွင် ဒီဇယ်ဆီများ အသုံးပြုရသောကြောင့် စက်သုံးဆီလွတ်လပ်စွာ ဝယ်ယူခွင့် (ဆိုင်များမှ အကန့်အသတ်ဖြင့် ရောင်းချခြင်း၊ အရောင်းပိတ်ထားခြင်း) များစွာခက်ခဲမှုရှိနေပါသည်။ သက်သာသောဈေးနှုန်းများဖြင့် ဝယ်ယူနိုင်ရန် တင်ပြအပ်ပါတယ်။**

၂၈။ **စိုက်ခင်းသွင်းအားစု ဈေးနှုန်းများ အဆမတန် မြင့်တက်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ အခက်တွေ့နေပါသဖြင့် ဈေးနှုန်းများ ပြန်လည်သုံးသပ်ပေးစေလိုပါကြောင်း တင်ပြအပ်ပါတယ်။ သီးနှံရာသီ အမီစိုက်ပျိုးရသော စက်ပစ္စည်းများ၊ မျိုးစေ့များတင်သွင်းရာတွင် သွင်းကုန်လိုင်စင်များ ရရှိရန် ကြန့်ကြာမှုများ ရှိနေသောကြောင့် ခက်ခဲမှုများရှိနေပြီး အချိန်တိုအတွင်း သွင်းကုန်လုပ်ငန်း လိုင်စင် လုပ်ငန်းစဉ်များကို ဖြေလျှော့ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။**

**ဦးခွန်ဆန်းဦး၊ Naungtayar Patota Co.,Ltd**

၂၉။ **ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း) အာလူးအသင်းရဲ့ ဒုတိယဥက္ကဋ္ဌဖြစ်ပါတယ်။ ကျွန်တော်တို့အသင်းမှာ အာလူးတောင်သူ (၂၀၀)ဦးကျော်ခန့်ရှိပါတယ်။ အရင်ဆုံး နိုင်ငံတော်ဝန်ကြီးချုပ်ကို ကျေးဇူးတင်ကြောင်းပြောကြားလိုပါတယ်။ ကျွန်တော်တို့ နောင်တရားနှင့် ဟဲဟိုးအတွက် အာလူးမျိုးစိတ်များ ပေးအပ်တဲ့အတွက်လဲ အထူးကျေးဇူးတင်မိပါတယ်။ လက်ရှိအသုံးပြုနေတဲ့မျိုးက နယ်သာလန်နိုင်ငံမျိုးတွေပါ။ မျိုးတစ်ခုသည် (၈) ကြိမ်ထိပဲ စိုက်ပျိုးလို့ရပါတယ်။ လက်ရှိနိုင်ငံခြားမျိုးများ တင်သွင်းပါက တင်သွင်းအခွန် (၁၅%) ပေးဆောင်နေရပါတယ်။ နယ်သာလန်မျိုး** Tissue Culture **သတ်မှတ်ချက်ကို ခွဲခြားထုတ်လုပ်နိုင်ရန် အအေးခန်းများကို တည်ဆောက်ထားပြီး ဖြစ်သလို၊ ကျွန်တော်တို့ ပအိုဝ်းဒေသရှိ လူငယ်များကိုလဲ သင်တန်းပေးခြင်း၊ မျိုးစိတ်ခါတ်ခွဲခြင်း လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ ပူးပေါင်း၍ ဆောင်ရွက်နေတာဟာ အောင်မြင်တော့မှာ ဖြစ်ပါကြောင်း ဝမ်းမြောက်စွာ တင်ပြလိုပါတယ်ခင်ဗျာ။** Tissue Culture **သတ်မှတ်ချက် အောင်မြင်ရင်တော့ မျိုးစိတ်သွင်းအခွန်အခတွေ လျော့နည်းလာပြီး ဒေသတွင်း**

**အာလူးစိုက်တောင်သူများ အောင်မြင် အကျိုးဖြစ်ထွန်း လာမှာ ဖြစ်ပါတယ်ခင်ဗျာ။ ထပ်မံ၍လည်း ကျွန်တော်တို့ အာလူး အအေးခန်းစက်ရုံဝန်း အတွင်းမှာပင် သမဝါယမဦးစီးဌာနနှင့် ပူးပေါင်း၍ သဘာဝမြေဩဇာ စက်ရုံကိုလဲ တည်ဆောက်နေပါပြီ။ နောက်ဆုံးတင်ပြချင်တာကတော့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ကြီးကို အထူးကျေးဇူးတင်ပါကြောင်းနှင့် ကျွန်တော်တို့ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သော နည်းပညာများ၊** Consultant **များကိုကူညီ ဆောင်ရွက်ပေးစေလိုပြီး ကျွန်တော်တို့ကလဲ ဒေသအတွက်သာမက နိုင်ငံတော်ကြီး ပိုမိုတိုးတက် အောင်မြင်စေရန် တစ်တပ်တစ်အား ကြိုးပမ်းဆောင်ရွက်သွားပါမည်ဟု ကတိကဝတ်ပြုရင်း တင်ပြ အပ်ပါတယ်။**

**ဦးမောင်မောင်မြင့်၊ “ ရှမ်းရိုးမ” ဘိလပ်မြေစက်ရုံ၊ မန်နေဂျင်းဒါရိုက်တာ**

**၃၀။** လေးစားအပ်ပါသော နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အဖွဲ့အစည်း များမှ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးကို ရိုသေစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျာ။ ကျွန်တော်ကတော့ “ ရှမ်းရိုးမ” ဘိလပ်မြေစက်ရုံမှ မန်နေဂျင်းဒါရိုက်တာ တာဝန်ယူထားတဲ့ ဦးမောင်မောင်မြင့် ဖြစ်ပါတယ်။ စက်ရုံကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးဒေသမှာ တည်ရှိပြီး ဘိလပ်မြေစက်ရုံအတွက် လိုအပ်သော ကုန်ကြမ်း(ကျောက်မီးသွေး)ကို နမ့်စန်မြို့မှာ လုပ်ကွက် (၂)ခု ရှိပါတယ်ခင်ဗျာ။ ကျွန်တော်တို့လုပ်ကွက် တည်ရှိရာဒေသမှာ အညိုရောင်နယ်မြေ ဖြစ်သဖြင့် စိစစ် မပေးနိုင်ဆိုပြီး ၂၀၁၉ ခုနှစ်မှာ ယခင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကန့်ကွက်ထား၍ လုပ်ဆောင် နိုင်စွမ်းမရှိပါ။ လက်ရှိစက်ရုံလည်ပတ်နိုင်ရန်အတွက် ကုန်ကြမ်းကို ငွေပင်လုံ၊ ပတ္တမြားနဂါးစသည့် ကုမ္ပဏီများမှ ဝယ်ယူသုံးစွဲနေရပါတယ်။ သယ်ယူပို့ဆောင်စရိတ်၊ ကျောက်မီးသွေးထုတ်လုပ်မှု စရိတ် ကြီးမြင့်မှုကြောင့် ဘိလပ်မြေ ထုတ်လုပ်မှုစရိတ်များလဲ မြင့်လာရခြင်းဖြစ်ပါတယ်။ ယခုအချိန်တွင် ကျွန်တော်တို့ ကျောက်မီးသွေး တူးဖော်ခွင့် လုပ်ကွက်(၂)ခုအား လုပ်ကိုင်ခွင့်ကို ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ တင်ပြခဲ့ရာ ထောက်ခံချက်ရရှိခဲ့ပြီ ဖြစ်သလို သတ္တု တူးဖော်ရေးလုပ်ငန်း(၁)သို့ လည်း ပြန်လည်ပေးပို့တင်ပြထားပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ စက်ရုံအနေဖြင့် စက်ရုံသုံးစွဲမှုအတွက် လိုအပ်သော ကုန်ကြမ်းလုပ်ကွက်(၂)ခုအား အမြန်လုပ်ကိုင်ခွင့်ရရှိနိုင်ရေး နိုင်ငံတော်အစိုးရအဖွဲ့ အနေဖြင့် ကူညီဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဒေါ်အေးအေးလွင်၊ “ အင်းလေးဇေဒါ” သဘာဝမြေဆွေးလုပ်ငန်း**

၃၁။ ကျွန်မကတော့ “ အင်းလေးဇေဒါ” သဘာဝမြေဆွေးထုတ်လုပ်မှု လုပ်ငန်းမှ လုပ်ငန်းရှင် တစ်ဦးဖြစ်ပါတယ်။ ကျွန်မလုပ်ငန်းကတော့ နန်းပန်ကျေးရွာ၊ အင်းလေးဒေသမှာ တည်ရှိပြီး အင်းလေးကန်အတွင်းရှိ ဇေဒါ၊ ဒိုက်များ၊ ကျွန်းမျောအဆွေးတွေကို ဇေဒါမြေဆွေး အနေနဲ့ ထုတ်လုပ်

လျက်ရှိပါတယ်။ ဒီလုပ်ငန်းအနေနဲ့ အင်းလေးကန်နဲ့ ပတ်ဝန်းကျင် သန့်ရှင်းမှုနှင့် အလေအလွင့်များအား တန်ဖိုးမြှင့်ပစ္စည်းအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အကျိုးပြုစေရန် ရည်ရွယ်ပြီးလုပ်ကိုင်နေတာဖြစ်ပါတယ်။ ဒီလုပ်ငန်းလုပ်ကိုင်ရန်အတွက် Plan ချပြီးဆောင်ရွက်နေတာ (၅)နှစ်ခန့်ရှိနေပြီး ဒီနှစ်မှာတော့ တောင်သူလက်ဝယ် အကြွေးစနစ်ဖြင့် စတင်ဖြန့်ဖြူးပေးလျက် ရှိနေပါတယ်။ နိုင်ငံတော်ကလဲ ကျွန်မတို့ လုပ်ငန်းစီမံကိန်းအတွက် ရင်းနှီးငွေ ကျပ်သိန်း(၄၀၀) ခန့် ထုတ်ပေးထားတာကိုလဲ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်၊ ကျွန်မအနေနဲ့ ကိုယ်တိုင်ထုတ်ထားတဲ့ မြေဆွေးကို Green House စနစ်ဖြင့် စံပြစိုက်ခင်း စမ်းသပ်ချင်ပါတယ်။ ကိုယ့်ဒေသမှာပင် မြေနေရာတည်ရှိပြီးဖြစ်သော်လည်း ရင်းနှီးငွေ လိုအပ်လျှက်ရှိပါတယ်။ နောက်တစ်ချက်တင်ပြချင်တာကတော့ ထုတ်လုပ်ထားတဲ့ မြေဆွေးကို လူသိနည်းပြီး ဈေးကွက်ထိုးဖောက်ရန် ခက်ခဲနေသည့်အတွက် ကျွန်မ၏လိုအပ်နေသည့် အချက်များအားနိုင်ငံတော်မှ ကူညီထောက်ပံ့ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**နောက်ဆက်တွဲ(ဂ)**

## လုပ်ငန်းရှင်များ၏ ဆွေးနွေးမေးမြန်းချက်များအပေါ် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများမှ ပြန်လည် ရှင်းလင်းဆွေးနွေးချက်များ

### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်

၁။ လေးစားအပ်ပါသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တက်ရောက်လာကြတဲ့ ပုဂ္ဂိုလ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ ကျွန်တော်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဖြစ်ပါကြောင်း၊ ဦးရဲထွန်း၊ ဦးမြင့်အောင်တို့ တင်ပြသွားတဲ့ စိုက်ပျိုးရေး မြေနေရာကိစ္စများ၊ စိုက်ပျိုးရေးပိုင်းဆိုင်ရာ ကိစ္စရပ်တွေမှာတော့ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်တိုင်လမ်းညွှန်ဖြေရှင်း ပြောကြားထားပြီး ဖြစ်ပါကြောင်း၊

၂။ အဲဒီထဲမှာတော့ ဒေါက်တာစိုင်းလုံ တင်ပြချက်ဖြစ်တဲ့ မွေးမြူရေးဇုန်နှင့် ဒေသအတွက် ခါတ်ခွဲခန်းတွေ တည်ထောင်ရန်ဆိုသည့် အချက်အပေါ် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ တင်ပြလိုတာကတော့ ဒီလိုလုပ်ငန်းတွေကို တစ်ဦးတစ်ယောက်ချင်းအတွက် မလုပ်ဘဲ အစုအဖွဲ့အနေနဲ့ လုပ်သင့်ပါကြောင်း၊ နောင်တရားအာလူးစိုက်ပျိုးရေးကုမ္ပဏီလိုမျိုး တစ်ရှူး Culture ခွဲတဲ့ကိစ္စရပ်တွေမှာလဲ အစုအဖွဲ့အနေနဲ့ ဆောင်ရွက်မှုကို ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာများ၊ ခါတ်ခွဲစမ်းသပ်မှုများကိုပါ ပူးပေါင်းဆောင်ရွက်ပေးလျက် ရှိနေတာကို တွေ့ရှိရပါကြောင်း၊

၃။ ဦးရဲထွန်းတင်ပြတဲ့ စပါးစိုက်ပျိုးရေး လုပ်ငန်းတွေမှာ နည်းပညာရရှိဖို့၊ မျိုးကောင်း မျိုးသန့် ရရှိဖို့ ဆိုတဲ့အချက်အပေါ် ကျွန်တော်တို့ဌာနအနေနဲ့ ရှမ်းပြည်နယ်နဲ့ ကိုက်ညီတဲ့မျိုး ရရှိဖို့နဲ့၊ ရှိတဲ့မြေပေါ်မှာ ဖြစ်ထွန်းမယ့် မျိုးစေ့ရရှိရေးကို အမြန်ဆုံး ကြိုးစားဆောင်ရွက်ပေးမှာ ဖြစ်ပါကြောင်း၊ ဆန်စက်လုပ်ငန်းတွေရဲ့ ပုံစံ(၇)၊ (၁၀၅/၁၀၆) တွေ ရရှိဖို့ဆိုတဲ့ကိစ္စကတော့ သက်ဆိုင်ရာဌာနတွေက ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေ ရှိပါကြောင်း၊ Website တွေမှာ လေ့လာပြီး သက်ဆိုင်ရာ အဖွဲ့အစည်းတွေကို တင်ပြပါလို့ အကြံပြုချင်ပါကြောင်း၊

၄။ “ အင်းလေးဗေဒါ” သဘာဝမြေဆွေးလုပ်ငန်းမှတင်ပြတဲ့ မြေဆွေးကို စမ်းသပ်စိုက်ခင်းအနေနဲ့ ဆောင်ရွက်ချင်တဲ့ ကိစ္စကတော့ ကျွန်တော်တို့ဌာနပိုင် ဟဲဟိုးသုတေသနခြံ ရှိပါကြောင်း၊ ၎င်းခြံမှာ စမ်းသပ်လို့ရပါတယ်။ စမ်းသပ်အောင်မြင်မှုရတော့ တစ်နိုင်ငံလုံး ဖြန့်ဖြူးနိုင်ပြီး အောင်မြင်မှာ ဖြစ်ပါကြောင်း၊

၅။ “ မြန်မာဘဲလ် ”ကုမ္ပဏီရဲ့ တင်ပြချက်ဖြစ်တဲ့ အရန်စိုက်ခင်းအတွက် မြေနေရာတောင်းခံတာကတော့ နိုင်ငံတော်ဝန်ကြီးချုပ်ကြီးကိုယ်တိုင် ရှင်းလင်းပြသပြီး ဖြစ်ပါကြောင်း၊ မြေလွတ်မြေရိုင်းတွေရှိရင် စိုက်ပျိုးရေးအတွက် (၅၀၀)ဧက၊ မွေးမြူရေးအတွက် (၃၀၀၀)ဧက ကို ပြည်နယ်အဆင့်တွင်ပင် ခွင့်ပြုပေးသည့် ဥပဒေရှိပါကြောင်း၊ လုပ်ငန်းရှင်များရဲ့ ကောင်းမွန်မှန်ကန်တဲ့ တင်ပြချက်တွေနဲ့ အကြံပြုတင်ပြပါက ပိုမိုအောင်မြင်အောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး

၆။ ဦးခွန်ဆန်းဦး တင်ပြတဲ့ နောင်တရား တန် (၄၀) ကျ သဘာဝမြေသြဇာစက်ရုံ တည်ဆောက်တာဟာ နေပြည်တော်မှာရှိတဲ့ စန်းဝတီ သဘာဝမြေသြဇာ ထုတ်လုပ်ရေးစက်ရုံကို လာရောက်လေ့လာပြီး ချိတ်ဆက်ဆောင်ရွက်နေတာ ဖြစ်ပါကြောင်း၊

၇။ ဒေါ်အေးအေးလွင်ရဲ့ အင်းလေးဗေဒါ သဘာဝကျွန်းမျောမြေဆွေး ဇီဝမြေသြဇာက ဈေးကွက်ရရှိဖို့နှင့် ဆည်မြောင်းဝန်ကြီးဌာနမှာ ဓါတ်ခွဲစမ်းသပ်ဖို့လိုပြီး စိုက်ပျိုးရေး၊ မွေးမြူရေး ခွင့်ပြုချက် ရရှိရန်လိုပါကြောင်း၊

၈။ ဦးမျိုးသက်လွင် တင်ပြတဲ့ လမ်းနဲ့ပတ်သက်ပြီး ပုဂ္ဂလိက (၁) ဦးအတွက် ဆောင်ရွက်ပေးရန်မှာ အခက်အခဲရှိကြောင်း၊ ကျေးရွာနဲ့ ပတ်သက်တဲ့လမ်းဖြစ်ပါက ကျေးလက်လမ်း ဦးစီးဌာနကနေ လုပ်ပေးနိုင်ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ကိုင်သူတွေကို ဝင်ငွေရရှိအောင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုး ရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးနေပါကြောင်း၊ ဘာစိုက်ချင်တာလဲ၊ ဘာမွေးချင်တာလဲ လိုအပ်တာတွေကို အကျိုးရှိအောင် လုပ်ပေးမယ်၊ မွေးမြူရေးဆိုရင်လဲ မြစိမ်းရောင်စီမံကိန်းနဲ့ဆောင်ရွက်ပေးနေတယ်၊ လုပ်ငန်းများဆောင်ရွက်ရာမှာ သမဝါယမအသင်းများဖွဲ့ပြီး ဆောင်ရွက်ဖို့လိုကြောင်း၊ ရှောင်မှာ ကော်ဖီစိုက်သူတွေကို သမဝါယမအသင်းဖွဲ့ပြီး ကော်ဖီစက်တွေ ပံ့ပိုးပေးထားပါကြောင်း၊ စိုက်ပျိုးရေးသမအသင်းများ ဖွဲ့ပြီး Contract Farming လုပ်ပါက ရပါကြောင်း၊ ထွက်လာတဲ့ သီးနှံကိုဝယ်ဖို့ ဆောင်ရွက်ပေးပါကြောင်း၊ နေပြည်တော်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ ပေါင်းပြီး ဆိုလာပြားနဲ့ ဧက (၈၀၀) လောက် ရေရရှိအောင် ဆောင်ရွက်ပေးထားပါကြောင်း၊ စိုက်ပျိုးရေးဝင်ငွေတိုးဖို့အတွက် မျိုး၊ မြေ၊ ရေ၊ နည်းပညာရဖို့လိုပါကြောင်း၊ ဈေးကွက် ချိတ်ဆက် ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊

၉။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်မှာ ဦးစီးဌာန(၄)ခု ရှိပါကြောင်း၊ မည်သည့်ဌာနနှင့်ဖြစ်ဖြစ် လိုအပ်ချက်ကို ဆောင်ရွက်ပေးခိုင်းနိုင်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး

နှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ပေါင်းပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

**သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ**

၁၀။ **ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ တိုင်းတာချက်များအရ ရှမ်းပြည်နယ် ဧရိယာကေ (၃၈.၄၉) သန်းခန့်တွင် သစ်တောဖုံးလွှမ်းမှုအနေဖြင့် ၂၀၁၀ ခုနှစ်** Forest Resource Assement (FRA,2010) **အရ ရှမ်းပြည်နယ်ဧရိယာ၏** (၅၀.၉၉%) **ရှိကြောင်း၊** FRA 2020 **အရ** (၅၆%) **ရှိသည်ဖြစ်၍ သစ်တောဖုံးလွှမ်းမှု တိုးတက်လာကြောင်းနှင့် ရှမ်းပြည်နယ်၏ သစ်တောဖုံးလွှမ်းမှု အဆင့်သည် တစ်နိုင်ငံလုံး နေပြည်တော်ကောင်စီ၊ တိုင်းနှင့် ပြည်နယ်(၁၅)ခုတွင် အဆင့်(၄)တွင် တည်ရှိနေပါသဖြင့် ပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်၍ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ တောင်ကြီးခရိုင်၏ အကျယ်အဝန်းသည် ဧရိယာကေ** (၅.၉၆)**သန်းခန့် ရှိပြီး၊ ၂၀၁၀ ခုနှစ် သစ်တော ဖုံးလွှမ်းမှုများအရ** (၃၉.၉၆%) **ရှိပြီး ၂၀၂၀ ခုနှစ်တွင် သစ်တောဖုံးလွှမ်းမှုသည် တောင်ကြီးခရိုင်ဧရိယာ၏** (၃၇.၀၈%) **ရှိသည်ဖြစ်၍ တောင်ကြီးခရိုင်တွင် သစ်တောဖုံးလွှမ်းမှု** (၁၀) **နှစ်တာတွင် အနည်းငယ်ကျဆင်းသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ထင်းရှူးသစ်မျိုးကို လည်း ၂၀၁၉ ခုနှစ်တွင် မျိုးသုန်းနိုင်၍ တားမြစ်ရာပါသစ်မျိုးအဖြစ် သတ်မှတ်၍ထားရှိပြီးဖြစ်ရာ ပြည်သူများအနေ ဖြင့် ထင်းရှူးတောများကို ထိန်းသိမ်းကာကွယ်ရာတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် လိုအပ် ပါကြောင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဖေဖော်ဝါရီ လကုန်အထိ ဝါးထုတ်လုပ်မှုအနေဖြင့် ရှမ်းပြည်နယ်** (**တောင်ပိုင်း**)**တွင် ဝါးအလုံးရေ** (၁.၁၈)**သန်း၊ ရှမ်းပြည်နယ်**(**မြောက်ပိုင်း**)**တွင် ဝါးအလုံးရေ** (၁.၁၃) **သန်းနှင့် ရှမ်းပြည်နယ်**(**အရှေ့ပိုင်း**)**တွင် ဝါးအလုံးရေ** (၀.၂၅)**သန်း ထုတ်လုပ်နိုင်ခဲ့ပြီး မျှင်၊ ကြခတ်၊ ဝါးနီ၊ ကြသောင်း စသည့်ဝါးများကို အဓိက ထုတ်လုပ်နိုင်ခဲ့ကြောင်း ဝါးသယံဇာတများ ထုတ်လုပ်နိုင်မည့် အလားအလာကောင်းများ ရှိပါကြောင်းနှင့် ဝါးအခြေခံထုတ်ကုန်များကိုလည်း ထုတ်လုပ်နိုင်မည် ဖြစ်ပါကြောင်း၊ သစ်မာတန် အနေဖြင့် ရှမ်းပြည်နယ်တစ်ခုလုံးတွင်** (၂၁၃၀၀၀) **တန် ထုတ်လုပ်နိုင်မည့် အခြေအနေ ရှိပါကြောင်း၊ သတ္တုကဏ္ဍအနေဖြင့် ရှမ်းပြည်နယ်အတွင်း ဘီလပ်မြေ ထုတ်လုပ်နိုင်သည့် ကုန်ကြမ်းဖြစ်သော ထုံးကျောက်တန်** (၁၃၇၃၂.၇)**သန်း၊ သံရိုင်း တန်**(၁၁၀) **သန်း၊ ကျောက်မီးသွေး တန်**(၂၆၃)**သန်း၊ ခဲ တန်**(၁၈)**သန်း ၊ ခနောက်စိမ်း သတ္တုရိုင်း တန်** (၀.၉၈)**သန်း၊ စုစုပေါင်းတန်**(၁၄၁၂၄.၆၈)**သန်း ထုတ်လုပ်နိုင်မည့် အခြေအနေရှိပါကြောင်း နှင့် ရှမ်းရိုးမ ဘီလပ်မြေ ထုတ်ရန် လုပ်ကွက်ဧရိယာနှင့်**

**ပတ်သက်၍** EIA **ပြန်လည်စိစစ် ဆောင်ရွက်၍ တင်ပြမည် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြား ခဲ့ပါသည်။**

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း**

၁၁။ ဒီကနေ့တွေ့ဆုံဆွေးနွေးပွဲကို တက်ရောက်လာကြတဲ့ လေးစားအပ်ပါသော နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီး များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အရာရှိကြီးများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းရှင်များ အားလုံးကိုကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ ကြောင်း ဦးစွာဆုမွန်ကောင်း တောင်းအပ်ပါကြောင်း၊ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဖြစ်ပါကြောင်း၊

၁၂။ ယနေ့ ရှမ်းပြည်နယ်မှာ ကျင်းပပြုလုပ်တဲ့ အသေးစား၊ အငယ်စားနှင့် အလတ်စား လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲမှာ ကျွန်တော့်အနေနဲ့ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အတွက် သိရှိဆောင်ရွက်နိုင်ရန် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါကြောင်း၊

၁၃။ MSME ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသအသီး သီးမှာရှိတဲ့ MSME လုပ်ငန်းရှင်များနဲ့ တွေ့ဆုံပွဲများကို နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်များမှာ (၁၆)ကြိမ်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်ပါကြောင်း။ ဒီခရီးစဉ်များအတွင်း လမ်းညွှန် မှာကြားချက် များနဲ့ပတ်သတ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးရဲ့ ထုတ်ပြန်ချက်များအနက် MSME ဆိုင်ရာ လမ်းညွှန်မှာကြားချက်များ စုစုပေါင်း (၈၄) ချက်ရှိပါကြောင်း၊ အဆိုပါ တွေ့ဆုံ ဆွေးနွေးပွဲများမှာ MSME လုပ်ငန်းရှင်များမှ တင်ပြချက်များအနေဖြင့် နည်းပညာ၊ ငွေကြေး၊ ဈေးကွက်၊ မြေနေရာ၊ ကုန်ကြမ်း၊ စက်ပစ္စည်းနှင့် အခြားစတဲ့ ကဏ္ဍ(၇)ခုမှာ တင်ပြချက် စုစုပေါင်း (၁၇၂) ချက် စိစစ်တွေ့ရှိရပါကြောင်း၊ အဆိုပါအချက်များအနက် ကျွန်တော်တို့အနေနဲ့ စက်မှု ဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့အချက်တွေကို တတ်စွမ်းသမျှဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပြီး အခြားကဏ္ဍတွေအတွက် ဖြည့်ဆည်းပေးနိုင်ဖို့ကိုလည်း သက်ဆိုင်တဲ့ ဝန်ကြီးဌာန/ အဖွဲ့အစည်း တွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

၁၄။ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး MSME ဗဟိုကော်မတီနဲ့ လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းပြီးဖြစ်သလို ရှမ်းပြည်နယ်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှာ ဒေသဆိုင်ရာ MSME ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီများ ဖွဲ့စည်းထားရှိပြီး ဖြစ်ပါကြောင်း၊ ဗဟိုကော်မတီ လုပ်ငန်းကော်မတီ နှင့် အေဂျင်စီအစည်းအဝေးများ ပြုလုပ်ခဲ့ပြီး

ဆုံးဖြတ်ချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိမှာ MSME Member Card များ ထုတ်ပေးလျက်ရှိပြီး လာမည့်ဘဏ္ဍာနှစ်မှာ မှတ်ပုံတင် ထုတ်ပေးနိုင်ရေး စီစဉ် ဆောင်ရွက်လျက် ရှိပါကြောင်း။

၁၅။ ဝန်ကြီးဌာနအနေနဲ့ ခေတ်စနစ်နှင့်အညီ e-Government စနစ်ကို ပီပီပြင်ပြင် အကောင် အထည်ဖော်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး အသေးစား၊ အငယ်စား နှင့် အလတ်စားစီးပွားရေး လုပ်ငန်းရှင်များ သတင်းအချက်အလက် လွယ်ကူမြန်ဆန်စွာ ရရှိနိုင်ရန် MSME Webportal (www.msmewebportal.gov.mm) တွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင်များ သိသင့်သိထိုက်သည့် သတင်းအချက်အလက်များကို လွှင့်တင်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊

၁၆။ လက်ရှိအနေဖြင့် SME Member Card များကို အဆိုပါ Webportal တွင် လျှောက်ထား နိုင်ပြီး ကျသင့်ဝန်ဆောင်ခကိုလည်း e-Payment စနစ်ဖြင့် လွယ်ကူမြန်ဆန်စွာ ပေးသွင်းနိုင်မှာ ဖြစ်ကြောင်း၊ ဒါ့အပြင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား မှတ်ပုံတင်ခြင်းကို အဆိုပါ Webportal မှ လျှောက်ထားနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊

၁၇။ MSME လုပ်ငန်းများရဲ့ ဈေးကွက်ချဲ့ထွင်နိုင်ရေး၊ ဒီဂျစ်တယ်ပလက်ဖောင်းကို အသုံးပြုပြီး မိမိရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နိုင်စေဖို့ အတွက် (၂၆.၁၁.၂၀၂၂) ရက်နေ့မှာ E-market Place for Myanmar Products Platform ကို စတင်ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ၎င်း E-market Platform တွင် MSME လုပ်ငန်းပေါင်း (၁၀၀) ကျော်ရဲ့ ထုတ်ကုန်ပစ္စည်းများ ပြသရောင်းချ ပေးလျက်ရှိပြီး နောက်ပိုင်းမှာ MSME လုပ်ငန်းအရေအတွက်ကို ထပ်တိုးခွင့်ပြု ဆောင်ရွက် ပေးသွားမှာ ဖြစ်ပါကြောင်း၊

၁၈။ ယနေ့တွေ့ဆုံပွဲမှာ MSME လုပ်ငန်းရှင်များရဲ့ တင်ပြချက်များနဲ့ စပ်လျဉ်း၍ ရှင်းလင်း ဖြေကြားသွားမှာဖြစ်ကြောင်း၊ ပထမဆုံးတင်ပြတဲ့ လွယ်မွေကုမ္ပဏီလီမိတက်ရဲ့ သံရည်ကျိုစက်ရုံ တည်ထောင်ခြင်းကိစ္စ နှင့်ပတ်သက်ပြီး စက်မှုဝန်ကြီးဌာနတွင် လျှောက်ထားလို့ရကြောင်း၊ သံရည် ကျိုစက်ရုံနဲ့ ပတ်သက်တဲ့ Criteria များ ချမှတ်ထားပြီး ဖြစ်သလို ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ စက်ရုံနဲ့ပတ်သက်၍ လိုအပ်တဲ့ စက်မှုမှတ်ပုံတင် ကိစ္စရပ်များကိုပူးပေါင်း ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း၊

၁၉။ ဒေါ်ခိုင်စိုးသူ၏ တင်ပြချက်ဖြစ်သည့် နည်းပညာပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့့် Mentor အဖြစ် ဆောင်ရွက်လိုခြင်းနှင့်စပ်လျဉ်းပြီး Entrepreneurship Development နှင့်ပတ်သက်သည့် Training Program များကို SME ဌာနမှ အစဉ်အမြဲ ဆောင်ရွက် ပေးနေတာဖြစ်ပါကြောင်း၊ အလားတူ

အခြား Program တွေကိုလည်း MSME Webportal မှာ ဝင်ရောက်ကြည့် ရှုလေ့လာနိုင်ပါကြောင်း၊ Mentorship Program အတွက်လည်းဒေသဆိုင်ရာ အေဂျင်စီမှတဆင့် ပံ့ပိုးဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း၊

၂၀။ ဆက်လက်ပြီး ဦးမောင်ပုံ ဆန်စက်လုပ်ငန်း၏ လျှပ်စစ်မီး ပုံမှန်မရရှိခြင်းဆိုသည့် တင်ပြချက်အပေါ် ဥပမာပေး၍ ပြောကြားလိုပါကြောင်း၊ လွန်ခဲ့သော နှစ်(၂၀)ခန့်တည်းက မြစ်ဝကျွန်းပေါ်ဒေသတွေမှာ Gasifier အသုံးပြုပြီး ကုန်ထုတ်လုပ်မှုတွေ ဆောင်ရွက်တာကို တွေ့ရှိရပါကြောင်း၊ စပါးခွံကို မီးရှို့ပြီး ထွက်ရှိလာတဲ့စနစ်ဖြစ်ပြီး ရှမ်းပြည်နယ်မှာ ဆန်စက်တွေပေါသည့်အတွက် စပါးခွံပေါများမှာ ဖြစ်ပါကြောင်း၊ စပါးခွံနဲ့ သစ်ရွက်ကိုအသုံးပြုပြီး Biomass နည်းပညာအသုံးပြု၍လည်း ဆောင်ရွက်လို့ ရပါကြောင်း၊ Bioler မှ ထွက်ရှိတဲ့ ရေနွေးငွေ့စွမ်းအင်ကို အသုံးပြုပြီး ဆောင်ရွက်လို့လည်းရပါကြောင်း၊ စက်မှုဝန်ကြီးဌာနမှလည်း လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ပါကြောင်း၊

၂၁။ နောက်တစ်ချက်က ဒေါ်အေးအေးလွင်ရဲ့ ဗေဒါမြေဆွေး ထုတ်ကုန်အတွက် ဈေးကွက်ရရှိရေး ကူညီဆောင်ရွက်ပေးရန်ဆိုတဲ့ အချက်အပေါ် ကျွန်တော် ရှင်းလင်းပြထား သည့်အတိုင်း ဌာနအနေနဲ့ E-market Place for Myanmar Products Platform တည်ထောင်ထားပြီး ဖြစ်သဖြင့် လိုအပ်တဲ့အချက်အလက်တွေနဲ့ ထုတ်ကုန်ပစ္စည်းတွေကို MSME ဌာနကို လာရောက်ချိတ်ဆက်ဆောင်ရွက်နိုင်ပါကြောင်း၊ ရှမ်းပြည်နယ်မှာ ပြည်နယ်ရုံး ရှိပါကြောင်း၊ တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံ၊ လွိုင်လင်တွေမှာ ခရိုင်ရုံးများရှိပြီး စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေတာ ရှိပါကြောင်း၊ MSME လုပ်ငန်းရှင်များ အနေဖြင့် သိရှိဆောင်ရွက်လိုတာများ ရှိရင် MSME Webportal တွင် ဝင်ရောက်ပြီး ကြည့်ရှုလေ့လာဆောင်ရွက်နိုင်ပါကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး**

၂၂။ ယနေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ ပါဝင်တက်ရောက်သူများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါကြောင်း၊ ကျွန်တော့်အနေနဲ့ ဒီနေ့ဆွေးနွေးချက်များအပေါ် အခြေခံပြီးတော့ အချို့အချက်များကို ပြန်လည်ဖြေကြားဆွေးနွေးမှာဖြစ်ပြီး အချို့အချက်များကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါကြောင်း၊

၂၃။ ပထမဦးစွာ ဆန်တင်ပို့မှုကိစ္စနှင့်ပတ်သက်၍ အကြံပြုတင်ပြလိုပါကြောင်း၊ ဦးရဲထွန်းတင်ပြသွားသည့် တရုတ်နိုင်ငံသို့ဆန်တင်ပို့နိုင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အထွေထွေအုပ်ချုပ်ရေးအကောက်ခွန်ဌာန (**General Administ-ration of Customs China GACC**) ၌

တရားဝင်မှတ်ပုံတင်ရန် လိုအပ်ပါကြောင်း၊ အသိအမှတ်ပြုလက်မှတ် ရရှိထားတဲ့ ကုမ္ပဏီနဲ့ အသိအမှတ်ပြု လက်မှတ်ရဆန်စက်မှ ထုတ်လုပ်ထားတဲ့ ဆန်ကိုသာလျှင် တင်ပို့လို့ရပါကြောင်း၊ ယခုလက်ရှိမှတ်ပုံတင်ထားရှိပြီး နယ်စပ်နှင့် ပင်လယ်ရေကြောင်းမှ ဆန်/ဆန်ကွဲတင်ပို့ နေသည့် ကုမ္ပဏီ(၆၃)ခု၊ ဆန်စက်(၉၅)ခုရှိပါကြောင်း၊ GACC ၌ မှတ်ပုံတင်မည်ဆိုပါက ရန်ကုန်မြို့မှာ ဖွင့်လှစ်ထားရှိတဲ့ တရုတ်နိုင်ငံ၏ ရုံးခွဲ(CCIC)မှာ သွားရောက် လျှောက်ထားပြီး စီးပွား/ကူးသန်းဝန်ကြီးဌာနရဲ့ ဌာနခွဲ တစ်ခုဖြစ်တဲ့ မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေး (MITS) မှ ဆန်စက်များကို သိုလှောင်ရုံများကို တရုတ်နိုင်ငံမှ သတ်မှတ်ထားတဲ့ အစားအစာထုတ်လုပ်မှုစည်းကမ်းများအတိုင်း ရှိ/မရှိ ကွင်းဆင်း စစ်ဆေးဆောင်ရွက်ခြင်းကို ခံယူပြီးမှ စိုက်ပျိုးရေးဦးစီးဌာနနှင့် စီးပွား/ကူးသန်းဝန်ကြီးဌာနတို့၏ ထောက်ခံချက်များဖြင့် ရန်ကုန်မြို့ရှိ (CCIC)ရုံး၌ မှတ်ပုံတင်ခွင့်ကို လျှောက်ထားရပါကြောင်း၊ ယခုနှစ်အတွက် လာမည့်မတ်လတွင် အသစ်လျှောက်ထားခြင်းများကို ဆောင်ရွက်နိုင်ပြီး ၎င်း GACC ၌ မှတ်ပုံတင်ပြီးမှသာလျှင် တရုတ်နိုင်ငံသို့ ဆန်/ဆန်ကွဲများကို နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်းတို့မှ တင်ပို့နိုင်မည်ဖြစ်ပါကြောင်း၊ ခန့်မှန်း ကြာချိန်ကတော့ (၃/၄)လခန့် ဖြစ်ပါကြောင်း၊ သတ်မှတ် Quality မမီရင်တော့ Blacklist သွင်းပြီး တင်ပို့မှု ရပ်ဆိုင်းပါကြောင်း၊ ယခုအချိန်ထိ မြန်မာနိုင်ငံမှ ကုမ္ပဏီ(၂) ခု Blacklist သွင်းခံထားရသည်ကို ရှင်းလင်းဆွေးနွေးလိုပါကြောင်း၊

၂၄။ ထောပတ်သီးများကို ထိုင်းနိုင်ငံသို့ တရားဝင် G to G တင်ပို့ခွင့်ရရှိရန်အတွက် ပထမဦးစွာ Market Access လုပ်ရမှာဖြစ်ပြီး၊ အပင်ပိုးမွှားကင်းရှင်းရေးကိစ္စကို နှစ်နိုင်ငံသဘောတူလက်မှတ်ရေးထိုး ဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ ယခုအခါ စီးပွား/ကူးသန်းဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နဲ့ ထိုင်းနိုင်ငံ စီးပွားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနဲ့ G to G စာချုပ်ချုပ်ဆိုပြီး တင်ပို့နိုင်ရေးကို အလွတ်သဘောဆွေးနွေးလျက်ရှိကြောင်း၊

၂၅။ နယ်စပ်ဒေသများမှ ကြက်သွန်၊ အာလူး၊ ပန်း အစရှိသည့် စိုက်ပျိုးထွက်ကုန်များကို ကုန်သွယ်မှုအရနှစ်နိုင်ငံစာချုပ်များဖြင့် တားမြစ်ထားခြင်းမရှိပါကြောင်း၊ ၎င်းသီးနှံများထွက်ရှိချိန်မဟုတ်ဘဲ ပြည်တွင်း၌ ဈေးနှုန်းမြင့်မားသည့်အချိန်တွင် စိုက်ပျိုးရေးဦးစီးဌာန၏ ထောက်ခံချက်ဖြင့် ပြည်တွင်းဈေးကွက် ထိန်းညှိနိုင်ရန်အတွက် လိုအပ်မှသာ တင်သွင်းခွင့်ပြုပါကြောင်း၊ ကျန်အချိန်တွင် ဈေးကွက်အတွင်းသို့ ဝင်ရောက်လျက်ရှိသည်များမှာ တရားမဝင်တင်သွင်းခြင်းများဖြစ်ပြီး ထိုတရားမဝင်တင်သွင်းမှုများကို တားဆီးနိုင်ရန် စိုက်ပျိုးသူများ၊ ကုန်သည်များမှ ပူးပေါင်းပါဝင် ဆောင်ရွက်ရန် မေတ္တာရပ်ခံလိုကြောင်း၊

၂၆။ ဦးရဲထွန်း တင်ပြတဲ့ တရုတ်ကို တရားမဝင် ဆန်တင်ပို့နေတယ်ဆိုတာ အတိအကျ ပြောပြပေးစေလိုပါကြောင်း၊ ကျွန်တော်တို့ အရေးယူဆောင်ရွက်မှာဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်

အနေဖြင့် နယ်စပ်ကုန်သွယ်ရေးကလည်း တော်တော်များများပို့နေတဲ့ ပြည်နယ်ဖြစ်တဲ့အတွက် ကြောင့် အားလုံးကိုသိသာအောင် တစ်ခုအသိပေးလိုပါကြောင်း၊ ယခင်က နယ်စပ်ကုန်သွယ်ရေးကို မော်တော်ယာဉ်များနှင့် တရားမဝင်တင်ပို့မှုတွေ အများကြီးတွေ့ခဲ့ရပါကြောင်း၊ အခုဆိုရင် ပြောင်း ရာသီပေါ့။ ယိုးဒယားဖက်မှာဆိုရင် ဖေဖော်ဝါရီလ(၁)ရက်နေ့ကစပြီး ဩဂုတ်လ(၃၁)ရက်နေ့အထိ ပြောင်းကို အခွန်ကင်းလွတ်ခွင့်နဲ့ တင်သွင်းခွင့် ပြုထားပါတယ်။ တော်တော်များများ ကောက်ပဲ သီးနှံတွေ ပို့တဲ့အခါမှာ တချို့ကမှန်မှန်ကန်ကန် ကောင်းကောင်းမွန်မွန်ပို့တဲ့ လုပ်ငန်းရှင်တွေရှိသလို တချို့ကတရားမဝင်နည်းလမ်းကနေ ပြည်ပကိုတင်ပို့တဲ့ လုပ်ငန်းရှင်တွေလည်း အများကြီး တွေ့ရ ပါကြောင်း၊ တဖက်နိုင်ငံရဲ့ ပို့ကုန်သွင်းကုန်စာရင်းကို တိုက်ဆိုင်စစ်ဆေးကြည့်တဲ့အခါမှာ မြန်မာ နိုင်ငံက ကောက်ပဲသီးနှံပို့ကုန်တရားမဝင် တင်ပို့ထားတာတွေ စစ်ဆေးတွေ့ရှိ ရပါတယ်။ ဒါကြောင့် မနှစ်က ဧပြီလ ကစပြီး မျှောစနစ်ကို ကျင့်သုံးခဲ့တာရှိပါကြောင်း၊ ကောက်ပဲသီးနှံတွေကို ယိုးဒယား နယ်စပ်၊ တရုတ်နယ်စပ်က အထူးသဖြင့် မြဝတီမှတဆင့်တင်ပို့ရန် မျှောစနစ်နဲ့ လုပ်ခဲ့ပါကြောင်း၊ ၎င်းနေရာတွင် လုပ်ငန်းရှင်များ လွယ်ကူလျှင်မြန်စွာဆောင်ရွက်နိုင်ရန် ဖေဖေါ်ဝါရီလ (၁)ရက်နေ့က စပြီး အွန်လိုင်းနဲ့ မျှောကို ထုတ်ပေးတဲ့စနစ် ဆောင်ရွက်ထားပါကြောင်း၊ အွန်လိုင်းတွင် မျှော လျှောက်သည်နှင့် QR Code ပေးပါကြောင်း၊ QR Code ကို Print ထုတ်သွားလည်းရပြီး Mobile Phone ထဲမှာ ထည့်သွားလည်း ရပါကြောင်း၊ ယိုးဒယားနယ်စပ်ကို သွားမယ်ဆိုရင် သက်ဆိုင်ရာ ဂိတ်တွေမှာ QR Code ကို စစ်ဆေးတဲ့ဝန်ထမ်းတွေကို ပြသရမှာဖြစ်ကြောင်း၊ Myanmar Tradenet 2.0 မှာ အားလုံး QR Code ကို လျှောက်ထား လို့ရပါကြောင်း၊ စစ်ဆေးတဲ့ ဝန်ထမ်းတွေက QR Reader နဲ့ဖတ်ပြီးရင် Pass ပေးမှာဖြစ်ပါကြောင်း၊ နှောင့်နှေးမှုမရှိ လွယ်လွယ်ကူကူနဲ့ စစ်ဆေးရာ မှာလည်း အချိန်ပေးစရာ မလိုပါကြောင်း၊ (၁၀)ရက်နေ့အထိ စမ်းသပ်ကာလဖြစ်ပြီး (၁၁)ရက်နေ့ ကစပြီး Fully Enforced QR Code စစ်ဆေးမှုကို မြဝတီဆို ညောင်ခါးရှည်မှာ စစစ်ပြီး လမ်းကြောင်းတစ်လျှောက် (၄)နေရာမှာ QR Code စစ်သွားမည်ဖြစ်ပါကြောင်း၊ မူဆယ် ဖက်ကိုပို့မဲ့ ယာဉ်တွေဆိုရင် မန္တလေး (၁၆)မိုင်မှာ စစစ်ပြီး လားရှိုး မူဆယ်နှင့်ရေပူ စုစုပေါင်း(၄)နေရာမှာ စစ်ဆေးသွားဖို့ရှိပါကြောင်း အသိပေးတင်ပြလိုပါကြောင်း၊

၂၇။ ဦးမြင့်အောင် တင်ပြတဲ့ သွင်းကုန်လိုင်စင် လုပ်ငန်းစဉ်များ ဖြေလျှော့ပေးရေး တင်ပြချက်မှာ ကျွန်တော်တို့ ဌာနအနေနဲ့ သွင်းကုန်လိုင်စင် (၅)ခု ရှိပါကြောင်း၊ စိုက်ပျိုးရေး လုပ်ငန်းသုံးပစ္စည်းများ၊ စက်သုံးဆီ/စားသုံးဆီနှင့် ပတ်သက်သည့် ပစ္စည်းများ၊ ကျန်းမာရေး/ ပညာရေးနှင့် ပတ်သက်သည့် ပစ္စည်းများ၊ ပလတ်စတစ်/Furnitures နှင့် ပတ်သက်သည့် ပစ္စည်းများ၊ မော်တော်ယာဉ်/ ဇိမ်ခံပစ္စည်းနှင့် ပတ်သက်သည့် ပစ္စည်းများဆိုပြီး ဦးစားပေး အဆင့်အလိုက် ခွင့်ပြု ပေးပါကြောင်း၊ ဦးစားပေးအဆင့်(၁)နဲ့ဆိုင်တဲ့ စိုက်ပျိုးရေးပစ္စည်းတွေဆိုရင် (၁)ပတ်ခန့် ကြာပါ ကြောင်း၊ Gasifier

နဲ့ပတ်သက်လို့ အသုံးပြုမယ့် အင်ဂျင်တွေဆိုရင် ချက်ချင်းခွင့်ပြုပေးပါကြောင်း၊ ဒီလိုပဲ စိုက်ပျိုးရေးနှင့် မွေးမြူရေးပစ္စည်းတွေဆိုရင်လဲ ချက်ချင်း ခွင့်ပြုပေးနေပါတယ်ဆိုတာကို အသိပေးတင်ပြလိုပါကြောင်း၊ အကယ်၍ မရှင်းလင်းတာရှိရင် ပို့ကုန်လုပ်ငန်းရှင်များအနေနဲ့ စားသုံးသူရေးရာဦးစီးဌာနကို အချိန်မရွေး ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါကြောင်းနဲ့ လိုအပ်တာများကို ကူညီပေးမှာဖြစ်ပါကြောင်း အသိပေးတင်ပြလိုပါကြောင်း၊ ပို့ကုန်နဲ့ပတ်သက်လာရင် အားလုံးကို မြန်မြန်နဲ့ လွယ်လွယ်ကူကူ ပို့လို့ရအောင် စီစဉ်ဆောင်ရွက်ပေးလျှက် ရှိတဲ့အတွက်ကြောင့် ပို့ကုန်တင်ပို့သူများက မရိုးသား မမှန်ကန်တဲ့နည်းလမ်းများနဲ့ တင်ပို့တာတွေ မလုပ်ကြဖို့နဲ့ တင်ပို့တဲ့သူရှိရင်လည်း ဝိုင်းဝန်းထိန်းသိမ်းပေးကြဖို့ တိုက်တွန်း ပြောကြားခဲ့ပါသည်။

## ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း

၂၈။ ဒေါ်ခိုင်စိုးသူရဲ့ တင်ပြချက်ဖြစ်တဲ့ FDA နဲ့ ပတ်သက်ပြီး MSME လုပ်ငန်းရှင်တွေ သိရှိနားလည်ဖို့ Awareness ပေးမည့်အစီအစဉ်များ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သတင်းဆောင်းပါးတွေလဲ ရေးသားထုတ်ဝေရန် စီစဉ်ဆောင်ရွက်နေပါကြောင်း၊

၂၉။ ဒေါက်တာကေသီအောင်ရဲ့ တင်ပြချက်ကိုတော့ ကျွန်တော်တို့ဌာနအနေနဲ့ အမျိုးသားအဆင့် စံချိန်စံညွှန်းနဲ့ ပတ်သက်တဲ့ သူနာပြုသင်တန်းတွေ ဖွင့်လှစ်ပေးလျက် ရှိပါကြောင်း၊ အရည်အသွေး ဆန်းစစ်ချင်ရင်တော့ အလုပ်သမားဝန်ကြီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်၍ အသိအမှတ်ပြုလက်မှတ်များထုတ်ပေးလျက် ရှိပါကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး

၃၀။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်မှ ချပေးထားသည့် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေတွေကို လုပ်ငန်းရှင်များအား ထုတ်ချေးပေးလျက် ရှိပါကြောင်း၊ စပါးခွံကနေ လျှပ်စစ်ထုတ်တဲ့စနစ်ကိုလဲ ပြည်နယ်အတွင်း အကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်သွားပါမည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

နောက်ဆက်တွဲ (ဃ)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ရှင်းလင်းဆွေးနွေးခြင်း




စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ရှင်းလင်းဆွေးနွေးခြင်း



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ရှင်းလင်းဆွေးနွေးခြင်း




ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ရှင်းလင်းဆွေးနွေးခြင်း



ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ရှင်းလင်းဆွေးနွေးခြင်း






## ထုတ်ကုန်ပြခန်းများအား လှည့်လည်အားပေးကြည့်ရှုခြင်းမှတ်တမ်းဓာတ်ပုံများ






Naung Tayar Potato Co.,


သဘာဝသစ်သီးဝိုင်လုပ်ငန်း
MSME
Aythaya
Wines
MSME
34


MSME
"Myanmar Belle"
ဟင်းသီးဟင်းရွက်အခြောက်ခံလုပ်ငန်း
MSME
"Super Win"
ကြက်ဥရောင်းဝယ်ရေးလုပ်ငန်း




MSME
အာလူးအသင်း (ရှမ်းတောင်)
MSME
HERO POTATO COMPANY LIMITED


MSME